ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ သောကြာနေ့။ Friday, 5 August 2022 ၁၀၈၁၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးစဉ်။

# လွှတ်တော်သည် ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်

နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ယနေ့ ဖတ်စရာ

**ရေနေသယံဇာတ ထိန်းသိမ်းဖြည့်ဆည်းရေးနှင့် တောင်သမန်အင်းအလှ**
ဆောင်းပါး စာမျက်နှာ ၆

**မော်လမြိုင်မြို့အနီးတွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတစ်ခုနှင့် လေယာဉ်ကွင်းအသစ်တစ်ခု တည်ဆောက်မည်**
စာမျက်နှာ ၈

**မောတောင်-ဆင်းခွန် နယ်စပ်ဂိတ်စတင်ဖွင့်လှစ်ပြီဖြစ်သော်လည်း ကန့်သတ်မှုများ ပြုလုပ်ထားသည့်အတွက် လုပ်ငန်းရှင်များ အခက်အခဲကြုံ**
စာမျက်နှာ ၉

**မျောက်ကျောက်ရောဂါ ကြိုတင်ကာကွယ်ပါ**
ဆောင်းပါး စာမျက်နှာ ၁၀

ကြေးမုံ

# ပညာရေးကို အားလုံးဝိုင်းဝန်းမြှင့်တင်

ပညာတတ်ပေါ်များသောနိုင်ငံသည် ဧကန်မုချဖွံ့ဖြိုးတိုးတက်နေပြီး ပညာတတ်နည်းပါးပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေမည်ဖြစ်သည်ကို ကမ္ဘာပေါ်ရှိ နိုင်ငံများကို လေ့လာကြည့်လျှင် သိရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပညာရေးကို အထူးဦးစားပေးဆောင်ရွက်နေသော်လည်း အကြောင်းအမျိုးမျိုးဖြင့် ပညာတတ်ပေါ်များရေးတွင် အားနည်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံ၏ လူဦးရေတစ်ဝက်ခန့်သည် အခြေခံပညာအလယ်တန်းအဆင့်နှင့်အောက်တွင်သာ ရှိနေသည်ကို စိတ်မကောင်းဖွယ်တွေ့ရသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ပညာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်အတွက် ပညာရေးသာမက ကဏ္ဍအသီးသီး တိုးတက်လာစေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၂)တွင် "ပညာရေးကောင်းချင်ရင်၊ ပညာရေးနဲ့ပတ်သက်ရင် ပညာရေးတစ်ခုတည်း ကျွန်တော်တို့အစိုးရ အားထည့်နေလို့မရဘူး။ ပြည်သူအားလုံးရဲ့ လူမှုဘဝစီးပွားကို တက်အောင်လုပ်ပေးမှရမယ်။ အဲဒီလိုသာ မလုပ်နိုင်ဘူးဆိုရင် အတူတူပဲ။ တလည်လည်နဲ့ပဲ ဖြစ်နေမှာ ဖြစ်တယ်။ ဒါ့ကြောင့် ပညာရေးမြှင့်တင်မှုပိုင်းဟာ ပညာရေးဝန်ကြီးဌာနတစ်ခုတည်းနဲ့မဆိုင်ဘူး။ အားလုံးက ဆိုင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကလေးသူငယ်တစ်ယောက် လူလားမြောက်၍ ပညာကို ပြီးဆုံးအောင် သင်ကြားနိုင်ရေးသည် မိဘအုပ်ထိန်းသူမိသားစု၏ လူမှုဘဝနှင့် စီးပွားရေးအခြေအနေပေါ်တွင် များစွာမူတည်ပေသည်။ မိဘတိုင်းသည် မိမိတို့၏ရင်သွေးငယ်များအား ပညာတတ်မြောက်ရေးကို လိုလားကြသော်လည်း အကြောင်းအမျိုးမျိုးဖြင့် ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားပေးနိုင်ခြင်းမရှိပေ။ အချို့သည် မူလတန်းဖြင့် အဆုံးသတ်ခဲ့ကြပြီး အချို့သည် အလယ်တန်းအဆင့်ဖြင့် ပြီးဆုံးသွားခဲ့ကြသည်။ အဓိကမှာ ဆင်းရဲနွမ်းပါးခြင်းကြောင့်ဖြစ်ပြီး ပညာကိုပြီးဆုံးအောင် သင်ကြားပေးနိုင်ခြင်းမရှိဘဲ၊ အရွယ်မရောက်သေးဘဲ အလုပ်လုပ်ကြရသည့် ကလေးလုပ်သားများ ဖြစ်သွားကြသည်။ နိုင်ငံတော်က အခမဲ့မသင်မနေရ ပညာရေးကို ဖန်တီးပေးထား၍ ကျောင်းနေလိုသော်လည်း စီးပွားရေးအခြေအနေအရ ပညာရေးကို မျက်ကွယ်ပြုနေရသည်။

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ကျောင်းများ မဖွင့်လှစ်နိုင်အောင် အကြမ်းဖက်အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကို ဖယ်ရှားကာ တစ်နိုင်ငံလုံး ကျောင်းများဖွင့်လှစ်ပေးခဲ့သည်။ ယခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၉ ဒသမ ၅ သန်းခန့် ကျောင်းတက်ရန် ခန့်မှန်းထားပြီး နောက်ဆုံးအခြေအနေတွင် ၇ ဒသမ ၂ သန်းကျော် ပညာသင်ကြားကြသည်ကို တွေ့ရသည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့်နှိုင်းစာလျှင် များစွာတိုးတက်လာရာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

တစ်ဆက်တည်းတွင် ပညာကို စဉ်ဆက်မပြတ် သင်ကြားနိုင်ရန်အတွက် ပြည်သူများ၏ လူမှုစီးပွားအဆင်ပြေရေးကို ဖော်ဆောင်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာအောင် ဖန်တီးပေးလျက်ရှိသည်။ မြန်မာနိုင်ငံရှိ အခြေခံလူတန်းစား အများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်စီးပွားရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်ဒေသများတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများအား အဓိကလုပ်ကိုင်ကြသဖြင့် ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာအောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ဒုတိယဦးစားပေးအနေဖြင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါကြောင့် ကျဆင်းသွားသည့် စီးပွားရေးကို ပြန်လည်ကုစားနိုင်ရန် ငွေကျပ်ဘီလီယံ ၄၀၀ မတည်၍ အကောင်အထည်ဖော်ပေးခဲ့ရာ လုပ်ငန်းအများစုမှာ ပြန်လည်လည်ပတ်နေပြီဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများသည် အများနှင့်သက်ဆိုင်သည့်လုပ်ငန်းများဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်သူအများစု အကျိုးရှိမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများ အောင်မြင်လာပါက ကုန်ထုတ်လုပ်မှုအပေါ်အခြေခံသည့် စီးပွားရေးခိုင်မာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတွင် ပညာကို ပြီးဆုံးအောင် သင်ကြားသူများ၊ ပညာတတ်များပေါ်များမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်ရေးအတွက် အထောက်အပံ့ကောင်းများ ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာတတ်သူများ ပေါ်များလာရေးသည် လူမှုစီးပွားဘဝမြင့်မားတိုးတက်မှုအပေါ်တွင် အခြေခံသဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်အားပေးနေမှုနှင့်အတူ ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၄၃ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးထင်ကျော်အား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄-၈-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၁၀၀ | ၅၉၉ | ၄,၁၉၅,၁၀၀ |
| MTSH | ၂,၄၅၀ | ၂,၅၀၀ | ၂,၃၉၉ | ၆,၀၅၃,၁၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၄ | ၂၈,၀၀၀ |
| FPB | ၁၈,၀၀၀ | ၁၇,၅၀၀ | ၅၄ | ၉၄၆,၅၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁၆ | ၃၉,၂၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၈၄.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၃.၈၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၁.၃၁၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၄.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၂၅၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၀.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၀.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၇.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၁၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)နှင့်အတူ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် ဗဟိုကော်မတီဝင် စဝ်နော်လိတ်တို့ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်းတို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

### ပြည်ထောင်စုအကျိုးကိုရှေးရှု

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေ၊ **ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာ တွေးခေါ်ပြောဆိုပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များနှင့် လိုအပ်ချက်များကို ပြောဆိုနိုင်သည်ဖြစ်သော်လည်း ဥပဒေနှင့်အညီ ငြိမ်းချမ်းသည့် နည်းလမ်းများဖြင့်သာ ဆွေးနွေးဆောင်ရွက်ရမည့်** အခြေအနေ၊ **ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်သည့်** အခြေအနေ၊ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည် ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုအပ်သည့် အခြေအနေ၊ **ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေး** ဆိုင်ရာကိစ္စရပ်များ၊ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး**ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေး ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**☆ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်**

**☆ တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ(Guardian)အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်**

**☆ တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ် အခွင့်အရေးကို ရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လို**

### တင်ပြ

ထို့နောက်ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)နှင့် အဖွဲ့ဝင်များက **ယခုကဲ့သို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ ပါဝင်ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ပေးခဲ့သည့်အတွက် အထူးဝမ်းမြောက်မိပြီး ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများတွင် တက်ကြွစွာဖြင့် ဆက်လက်ပါဝင်သွားမည့်** အခြေအနေ၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ် ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည့် အခြေအနေ၊ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။

### အပြန်အလှန် ဆွေးနွေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ (Guardian)အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး** ဥပဒေနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ **တိုင်းရင်းသား အဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးကို ရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန် လို**သည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)နှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁)မှဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ဆက်လက်ပြုလုပ်သွားမည်

အဆိုပါ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သည့် အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များ ပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့ ရက်ကန်းသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တွေ့ဆုံကာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ခေတ်မီစံပြကျေးရွာ(SMART Village)များအခြေအနေ၊ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် နေပြည်တော် စမ်းဝတီသမဝါယမအသင်းတို့၏ သဘာဝမြေသြဇာများ ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးပြီး မြစ်ကြီးနားဒေသ၌ ဆောင်းသီးနှံနှင့် နွေသီးနှံစံပြစိုက်ခင်းများ စိုက်ပျိုးနိုင်ရေး တင်ပြဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ရက်ကန်းသင်တန်းကျောင်း၌ သင်တန်းသားများ လက်တွေ့သင်ယူနေသော လက်ရက်ကန်း၊ စက်ရက်ကန်းလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ကာ သင်တန်းသား အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ လိုက်နာနေထိုင်ရေး၊ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်မြို့ ရေဆိုးသန့်စင်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက် ၇ နာရီက ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရေဆိုးသန့်စင်စက်ရုံသို့ သွားရောက်၍ ရန်ကုန်မြို့အတွက် ရေဆိုးသန့်စင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ရေဆိုးသန့်စင်စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး မြို့တော်ဝန်က စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အသေးစား ရေဆိုးသန့်စင်မှုစနစ် ဆောင်ရွက်ရန် ပြင်ဆင်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လက်ရှိ ရန်ကုန်မြို့၏ ရေဆိုးသန့်စင်စနစ်သည် မြို့လူဦးရေ၏ ငါးရာခိုင်နှုန်းမျှသာ လွှမ်းခြုံနိုင်သဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်းရေးဆွဲထားသည့် မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းအရ အနာဂတ်တွင် တိုးတက်လာမည့် လူဦးရေနှင့်အညီ ရေဆိုးသန့်စင်မှုဇုန် ၁၄ ခု ခွဲခြားဆောင်ရွက်သွားရန်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပတွင် မြို့သစ်များ ထပ်မံတိုးချဲ့သည့်အခါ ရေဆိုးသန့်စင်မှုစနစ်များ တိုးချဲ့ဆောင်ရွက်သွားရန် စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆) ဆော့ဖ်ဝဲ ရိုက်သွင်းနေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ထန်းတပင် ဩဂုတ် ၄**

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ဦးစီးမှူးရုံးတွင် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆)များအား ဆော့ဖ်ဝဲရိုက်သွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက မှော်ဘီခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မှော်ဘီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာညွှန့်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးတွင် အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)များအား ဆော့ဖ်ဝဲရိုက်သွင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ သတ်မှတ်ရက်အတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ထန်းတပင်မြို့နယ် အတွင်းရှိ အိမ်ထောင်စုလူဦးရေ စာရင်း ၃၆၇၁၉ စုကို သတ်မှတ်ရက် ၄၅ ရက်အတွင်း ဆော့ဖ်ဝဲရိုက်သွင်းခြင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပြီး ဆော့ဖ်ဝဲ ရိုက်သွင်းခြင်း လုပ်ငန်းကိုလည်း ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိသလို လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်လဝကရုံး ဝန်ထမ်းများနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေထံမှ သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်း သက်ကြီးသင်တန်းကျောင်း (ရန်ကုန်)တွင် အသက် ၁၈ နှစ်မှ ၄၅ နှစ် အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် သုံးလ သင်တန်းများဖြစ်ကြသော စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ခတ်ပုံသင်တန်း၊ ဆံသ သင်တန်း၊ ကွန်ပျူတာသင်တန်းများကို စက်တင်ဘာ ၁၂ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းများကို တက်ရောက်လိုသူများသည် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၄၀၂၃၉၂ နှင့် ၀၉-၄၂၀၀၀၃၅၆၀ တို့သို့ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်ပေးပြီး သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော ခရီးစရိတ်နှင့် အပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန၌ အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်

**တောင်ကြီး ဩဂုတ် ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ပြည်သူများ အခြေခံ ကွန်ပျူတာပညာကို တတ်ကျွမ်း နားလည်စေရန် ရည်ရွယ်၍ အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန တောင်ကြီးမြို့ ကွန်ပျူတာခန်းမ၌ ယနေ့ညနေ ၄ နာရီက ကျင်းပသည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေက အဖွင့်အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် လက်ထောက် ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းထွန်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံကွန်ပျူတာသင်တန်းကို ဩဂုတ် ၄ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇော်နိုင်လင်း**

**မြန်မာ ပင်လယ်ပြင်**

**နေပြည်တော် ဩဂုတ် ၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ရွှေတိဂုံစေတီတော် အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် ဩဂုတ် ၄

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်ယဉ်ကျေးမှုသင်တန်းအမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ ဦးဘိုးသောင်း တန်ဆောင်း၌ ကျင်းပသည်။

**ဖွင့်လှစ်သင်ကြား**

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးအမ်းယုမောင်က မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့် စပ်လျဉ်း၍ ဂုဏ်ယူဝမ်းမြောက်အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာကြီး ဦးဟန် (မဟာသဒ္ဓမ္မဇောတိကဓဇ)က သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့် ပတ်သက်၍ မုဒိတာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကရုံးမှ ဝန်ထမ်းများနှင့် ဝေယျာဝစ္စလုပ်ငန်းများမှ သင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဩဂုတ် ၁၇ ရက်အထိ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဩဂုတ် ၄

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသောမေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ နယ်မြေခံသင်တန်းကျောင်းမှ သင်္ခန္ဓ/ သင်တန်းသားအရာရှိ၊စစ်သည်များနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေလယ်စာ သုံးဆောင်စဉ်။



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဩဂုတ် ၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတမင်းကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကရင်ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဗုဒ္ဓဃောသကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မြသပိတ်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းယုမြို့၌ မိုးနေကြာစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်း

မိုင်းယု ဩဂုတ် ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယုမြို့တွင် စားသုံးဆီထုတ်လုပ်နိုင်စေရေးအတွက် ရည်ရွယ်၍ မိုးနေကြာနှစ်ဧက စိုက်ပျိုးမှုများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မိုင်းယုမြို့တွင် မိုးနေကြာစိုက်ပျိုးမှုမှာ တာကြန့်ကျေးရွာအုပ်စု ဆမ်မိန်းကျေးရွာအနီးတွင် နှစ်ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရေဆင်း(၁) နေကြာမျိုးကို အဓိက စိုက်ပျိုးထားရှိပြီး တောင်သူများ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်စေရေး၊ စိုက်ပျိုးမြေပြုပြင်သုံးစွဲမှုနည်းလမ်းများ၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်းနှင့် သဘာဝပိုးသတ်ဆေးရည် ပြုလုပ်သုံးစွဲခြင်းများကို နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းပညာပေးခဲ့ကြောင်း သိရသည်။

မိုင်းယုတွင် နေကြာသီးနှံစိုက်ပျိုးရာ၌ ဝဠပင်များနှင့် သီးညှပ်စိုက်ပျိုးထားလျက်ရှိပြီး ယခုနှစ် မိုးနေကြာများ စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ကိုကိုနိုင်

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ**
**တမံသဘော ရေထိန်းတော။**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဘတ်စကက်ဘောပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သည့် ဖလား အပ်နှံခြင်းအခမ်းအနားကျင်းပ

လောက်ကိုင် ဩဂုတ် ၄

၂၀၂၂ ခုနှစ် ဇူလိုင် ၁၈ ရက်မှ ၂၅ ရက် အထိကျင်းပခဲ့သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့်ဖလား အပ်နှံခြင်း အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။




အဆိုပါအခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေက ကိုးကန့်ဒေသတစ်ခုလုံးအတွက်ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင် အနိုင်ရခဲ့သဖြင့် လှိုက်လှဲစွာဝမ်းသာဂုဏ်ယူမိပါကြောင်း၊ မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး တိုက်တွန်းမှာကြားသည်။ ထို့နောက် ဘတ်စကက်ဘောပြိုင်ပွဲဝင် အသင်းသား ၁၂ ဦး၊ နည်းပြတစ်ဦး၊ အုပ်ချုပ်သူ တစ်ဦးတို့အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ကုန်းကြမ်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်တို့က ဂုဏ်ပြုဆုငွေ ယွမ် ၃၀၀၀၀ စီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရေနေသယံဇာတထိန်းသိမ်းဖြည့်ဆည်းရေးနှင့် တောင်သမန်အင်းအလှ

ကိုရွှေမန်း

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ သရက်ကုန်း၊ နတ်ရေကန်၊ ကူမဲ၊ ရေနံ့သာငါးလုပ်ငန်းစခန်းများမှ နှစ်လက်မအရွယ်ငါးသားပေါက်ကောင်ရေ နှစ်သိန်းကို ၂၆-၇-၂၀၂၂ ရက်တွင် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဦးဆောင်၍ မျိုးစိုက်ဆောင်ရွက်ပေးခဲ့သည်။ အလားတူတိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်လည်း အစိုးရအဖွဲ့များ ဦးဆောင်၍ မျိုးစိုက်ပေးခဲ့ကြသည်ကိုလည်း တွေ့ရသည်။ ဤသို့လှုပ်ရှားဆောင်ရွက်မှုများသည် ပျက်စီးယိုယွင်းနေသည့် မြန်မာ့ရေသယံဇာတများအား ပြန်လည်ဖြည့်ဆည်းခြင်းနှင့် ထိန်းသိမ်းကာကွယ်ရေး လှုပ်ရှားမှုများပင်ဖြစ်ပါသည်။

### ငါးရစ်၊ ငါးသန် ဘေးမဲ့ချန်

မိုးဖြိုင်ဖြိုင်ကျသည့် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် ငါးရစ်၊ ငါးသန်များအား ဘေးမဲ့ပေးကြရန် နိုင်ငံတော်ပိုင် သတင်းစာများနှင့် မြန်မာ့ရုပ်မြင်သံကြားတို့က ကျယ်ကျယ်ပြန့်ပြန့် နှိုးဆော်ကြေညာနေလျက်ရှိသည့်အပြင် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများက ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သဘာဝရေပြင်များတွင် ငါးမျိုးစိုက်ထည့်ခြင်းများ၊ ရေလုပ်သားများအတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများနှင့် ပညာပေးဟောပြောပွဲများ ကျင်းပကြသည့်အကြောင်းများကိုလည်း နေ့စဉ်ဖတ်ရှု ကြားသိနေရသည်။

ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင်များသို့ သိန်းသန်းကုဋေချီသော ငါးသားပေါက်များကို နှစ်စဉ်နှစ်တိုင်း ငါးမျိုး စိုက်ထည့်ပေးလျက်ရှိနေပြီး ၂၀၂၀-၂၀၂၂ ခုနှစ်တွင် နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၁၀၇၇ ဒသမ ၆၃၉ ကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ကာလတို ခြောက်လတွင် သားပေါက်ကောင်ရေ သိန်းပေါင်း ၄၁၄ ဒသမ ၀၆၅ ကိုလည်းကောင်း မျိုးစိုက်ထည့်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သားပေါက်ကောင်ရေ သိန်းပေါင်း ၁၀၁၅ ဒသမ ၀၇၅ မျိုးစိုက်ထည့်ကြမည်ဖြစ်သည်။

ရေနေသယံဇာတ လျော့နည်းလာသည့်အတွက် ပြန်လည်ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေသည်ကို အများပြည်သူများ သိရှိနိုင်ပါရန် အနည်းငယ် ကောက်နုတ်တင်ပြလိုပါသည်။

### ငါးသယံဇာတအခြေအနေ

၁၉၇၉-၈၀ ပြည့်နှစ်တွင် Dr Fridtjof Nasen သုတေသနရေယာဉ်ဖြင့် ပင်လယ်ပြင် ငါးသယံဇာတများကို တိုင်းတာခဲ့ရာ ပျမ်းမျှရေပေါ်လွှာနေ ငါးထုထည်ပမာဏ ခန့်မှန်းတွက်ချက်မှုမှာ တန်ချိန် တစ်သန်းဖြစ်ပြီး ၂၀၁၃-၂၀၁၅-၂၀၁၈ ခုနှစ်တွင် တန်ချိန် ၁၆၀၀၀၀ ခန့်သာ တိုင်းတာရရှိသည့်အတွက် ၈၀ ရာခိုင်နှုန်းခန့်အထိ လျော့သွားပြီး ရေအောက်ငါးတွင်လည်း ၁၉၇၉-၈၀ ပြည့်နှစ်တွင် တန်ချိန် ၇၅၀၀၀၀ မှ ၂၀၁၃-၂၀၁၅-၂၀၁၈ တွင် တန်ချိန် ၃၁၀၀၀၀ သာတိုင်းတာရရှိသည့်အတွက် ၆၀ ရာခိုင်နှုန်းခန့်အထိ လျော့ကျသွားကြောင်း တွေ့ရသည်။ ငါးသယံဇာတထိန်းသိမ်းရေး၊ ပင်လယ်ပြင်ရေသယံဇာတ ပြန်လည်ဖြည့်တင်းရေးအတွက် ပင်လယ်ငါးဖမ်းလုပ်ငန်းများတွင် close season – close area များ သတ်မှတ်ခြင်း၊ ကမ်းဝေးငါးဖမ်းရေယာဉ်များတွင် ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး Vessel Monitoring System (VMS) ကိရိယာတပ်ဆင်ခြင်း၊ စောင့်ကြည့်ထိန်းချုပ်စစ်ဆေးခြင်းများနှင့် ပင်လယ်ပြင်သယံဇာတထိန်းသိမ်းကာကွယ်ရေးဆိုင်ရာအမိန့်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။ ရေချိုကုန်းတွင်းပိုင်းတွင်လည်း ၁၉၀၀ ပြည့်လွန်နှစ်များက အင်းပေါင်း ၄၀၀၆ အင်း ရှိခဲ့ရာမှ လက်ရှိအချိန်တွင် အင်းပေါင်း ၃၇၃၀ သို့ လျော့နည်းခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ အင်းအိုင်များ ထိန်းသိမ်းကာကွယ်ရေး၊ အင်းအရည်အသွေး ကောင်းမွန်ရေးတို့အတွက် နှစ်ရှည်ကြေးတိုင်ချထားခြင်း၊ သုတေသနအင်းများ တည်ထောင်ခြင်း၊ ဆည်တာတမံများတွင် ငါးအဆင်း/အတက်လမ်းများ ဆောက်လုပ်ပေးနိုင်ရေးဆောင်ရွက်ခြင်း၊ ဘေးမဲ့ဇရိယာများ ကာကွယ်ထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်း၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို အားပေးကူညီခြင်း၊ ငါးမျိုး စိုက်ထည့်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိနေသည်။

ရေနေသယံဇာတများ၊ မြစ်ချောင်း၊ အင်းအိုင်များ တိမ်ကောပျက်စီးရခြင်းမှာ ခွင့်ပြုထားခြင်းမရှိသော ငါးဖမ်းနည်းများဖြစ်သည့် လျှပ်စစ်ရှော့တိုက်ခြင်း၊ အဆိပ်ချခြင်း၊ မိုင်းခွဲခြင်း၊ တားမြစ်ထားသော ပိုက်ကွက်စိပ်များ၊ တားမြစ်ထားသော ငါးဖမ်းနည်းများဖြင့် ငါးဖမ်းခြင်း၊ ဒီရေတောများ၊ သစ်တောများ အလွန်အကျွံခုတ်ထွင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများမှ ဓာတုအညစ်အကြေးများ၊ ရေဆိုးများကို သဘာဝရေပြင်များသို့ တိုက်ရိုက်စွန့်ထုတ်ခြင်း၊ စိုက်ပျိုးမြေများချဲ့ထွင်ခြင်းနှင့် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် မြို့ပြများကို သဘာဝရေပြင်များသို့ အကန့်အသတ်မဲ့ ချဲ့ထွင်လာခြင်းစသည့် လူ့ပယောဂကြောင့် ပျက်စီးမှုများနှင့်အတူ သဘာဝတရားကြီး၏ ဖောက်ပြန်မှုများကြောင့် ပျက်စီးတိမ်ကောခြင်းများ ဖြစ်ပေါ်လျက်ရှိနေသည်။ မြို့ပြဖွံ့ဖြိုးမှု၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုနှင့် လူတို့၏ ပယောဂများကြောင့် ပျက်စီးခဲ့ရသည့် အင်းများတွင် တောင်သမန်အင်းလည်း အပါအဝင်ဖြစ်သည့်အတွက် တောင်သမန်အင်းအကြောင်းကို တင်ပြရလျှင်သင့်မည်ဖြစ်ပါသည်။

ကန်တွင် မိတ္ထီလာကန်၊ အင်းတွင် တောင်သမန် စာဆိုအရ တောင်သမန်အင်းသည် အင်းများ၏ဦးသျှောင်ထိပ်တန်းအင်းဖြစ်ကာ ဗုဒ္ဓဝင်၊ သမိုင်းဝင်၊ စာဝင်ပေဝင် အင်းကြီးတစ်အင်းဖြစ်ပါသော်လည်း မန္တလေးမြို့ပြဖွံ့ဖြိုးမှုနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် အင်းအတွင်းသို့ ရေဆိုးများ စီးဝင်လျက်ရှိသည့်အတွက် ရေအရည်အသွေးကျဆင်းကာ အင်းငါးသေဆုံးမှုများ မကြာခဏကြုံတွေ့လာရမှုများကြောင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်များအရလည်းကောင်း တောင်သမန်အင်းအား ရေရှည် ထိန်းသိမ်းနိုင်ရေးအတွက် အင်းစာရင်းမှပယ်ဖျက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကန်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ရသည်ကို တွေ့ရသည်။ တောင်သမန်အင်း၏ သမိုင်းကြောင်းကို လေ့လာဖတ်ရှုခြင်းအားဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြစ်ချောင်း၊ အင်းအိုင်များ၏ အခြေအနေများကို နားလည်သိရှိပြီး ကာကွယ်ထိန်းသိမ်းလိုသောစိတ်များ၊ ကာကွယ်ထိန်းသိမ်းရေး နည်းလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။



- ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင်များသို့ သိန်းသန်းကုဋေချီသော ငါးသားပေါက်များကို နှစ်စဉ်နှစ်တိုင်း ငါးမျိုးစိုက်ထည့်ပေးလျက်ရှိနေပြီး ၂၀၂၀-၂၀၂၂ ခုနှစ်တွင် နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ သိန်းပေါင်း ၁၀၇၇ ဒသမ ၆၃၉ ကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ကာလတို ခြောက်လတွင် သားပေါက်ကောင်ရေ သိန်းပေါင်း ၄၁၄ ဒသမ ၀၆၅ ကိုလည်းကောင်း မျိုးစိုက်ထည့် ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သားပေါက်ကောင်ရေ သိန်းပေါင်း ၁၀၁၅ ဒသမ ၀၇၅ မျိုး စိုက်ထည့်ကြမည်
- ငါးသယံဇာတထိန်းသိမ်းရေး၊ ပင်လယ်ပြင်ရေသယံဇာတ ပြန်လည်ဖြည့်တင်းရေးအတွက် ပင်လယ်ငါးဖမ်းလုပ်ငန်းများတွင် close season – close area များသတ်မှတ်ခြင်း၊ ကမ်းဝေးငါးဖမ်းရေယာဉ်များတွင် ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး Vessel Monitoring System (VMS) ကိရိယာတပ်ဆင်ခြင်း၊ စောင့်ကြည့်ထိန်းချုပ်စစ်ဆေးခြင်းများနှင့် ပင်လယ်ပြင်သယံဇာတထိန်းသိမ်းကာကွယ်ရေးဆိုင်ရာအမိန့်များ ထုတ်ပြန်ဆောင်ရွက်

### တောင်သမန်ရေတိမ်ဒေသ

တောင်သမန်အင်းသည် ငါးထုတ်လုပ်မှုမြင့်မားပြီး မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အပူပိုင်းဇုန်ဒေသ (Central Dry zone) အတွင်းရှိကုန်းတွင်းအင်းတစ်အင်းဖြစ်သည့်အပြင် ရေတိမ်ဒေသတစ်ခု (Wet Land) လည်းဖြစ်သဖြင့် ဆောင်းခိုငှက်များ ရာသီအလိုက် ပျော်ပါးလာရောက်လေ့ရှိရာ ဒေသ၊ လူ၊ အပင်၊ တိရစ္ဆာန်နှင့် ရေမြေသဘာဝ အပြန်အလှန်အမှီသဟဲပြုရာ ဂေဟဗေဒစနစ်ကောင်း တစ်ခုဖြစ်သည့်အပြင် ရေချိုအရင်းအမြစ်တစ်ခုလည်း ဖြစ်ပါသည်။

### တာဝတိံသော၊ နန္ဒာလော

နွေရာသီ တောင်သမန်အလှနှင့် စိမ်းစိုသည့် မည်စည်ပင်တန်းအလှက အညာမြေမန္တလေး နွေအပူကို မေ့လျော့သက်သာစေပါသည်။ တောင်သမန်အလှသည် မြန်မာလူထုကိုသာမက ကမ္ဘာလှည့်ခရီးသွားများကိုပါ ဆွဲဆောင်ထားနိုင်ပါသည်။ ဦးပိန်တံတားသည် တောင်သမန်နှင့် ခွဲခြား၍မရသော အမှတ်တံဆိပ်ဖြစ်ပြီး ဦးပိန်တံတားပေါ်မှ မြင်ရသည့် ပတ်ဝန်းကျင်အလှသည် ရှုမငြီးအောင် ဖမ်းစားနိုင်စွမ်းရှိနေပါသည်။ တံတားအနောက်ဘက်ထိပ်တွင် မဇ္ဈူသကနတ်ပန်းအနွယ်မှ ဆင်းသက်လာသည့် မည်စည်ပင်တန်းနှင့် တောင်မင်းကြီးဘုရား၊ မြောက်ဘက်သို့ နာရီလက်တံရွေ့သလို ဆက်၍သွားပါက မဟာဂန္ဓာရုံကျောင်းတိုက်၊ ကျော်အောင်စံထားကျောင်းတိုက်၊ ရွှေဂူကြီးဘုရား၊ ပုထိုးတော်ကြီးဘုရား၊ ဗူးဘုရား၊ မန္တလေးတောင်နှင့် မန္တလေးမြို့တော်ကြီး၊ တံတား အရှေ့ဘက်ထိပ်တွင် တောင်သမန်ကျောက်တော်ကြီးဘုရား၊ တောင်ဘက်ဆက်သွားပါက မြန်မာနိုင်ငံ၏ အကြီးဆုံးသရက်ဥယျာဉ်များ တည်ရှိရာ မြစ်ငယ်ကျေးလက်ဒေသနှင့် ကျောက်စိမ်းစေတီ၊ ဆက်လက်ကြည့်ရှုမည်ဆိုပါက စစ်ကိုင်းတံတားအလှ၊ စစ်ကိုင်းတောင်နှင့် ဆွမ်းဦးပုညရှင်ဘုရားကို ဖူးတွေ့ရမည်ဖြစ်ပါသည်။

ဤသို့လှပသော ရှုခင်းများ စုံစုံလင်လင်ရှိသော နေရာဖြစ်သည့်အတွက် ပိဋကတ်တော်တွင်ပါရှိသော တာဝတိံသာနတ်ပြည်၏ နန္ဒဝန်ဥယျာဉ်ကြီး စိတ္တလတာရေကန်တော်ကြီးများနှင့် နှိုင်းယှဉ်ပြီး တာဝတိံသာနတ်ပြည်သို့ ရောက်နေသည်ဟုထင်ရကြောင်း ဆရာတော်ဦးပညာ (အမရပူရ) ရေးသည့် တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများ စာအုပ်တွင် ဆရာကြီးဌေးဥဒေါင်းက အမှာစာရေးသား ညွှန်းဆိုထားခြင်းဖြစ်ပါသည်။

### သုံးပန်လှတောင်သမန်

တောင်သမန်အင်း အလှသည် နွေရာသီတွင်တစ်မျိုး၊ မိုးရာသီတွင် တစ်ဖုံ၊ ဆောင်းရာသီတွင် တစ်သွင်ဆန်းနေသည့်အတွက် သုံးရာသီအလှ သုံးပန်လှအင်းဟု တင်စားထားကြပြန်ပါသေးသည်။ နွေရာသီတွင် ရင့်မှည့်ရိတ်သိမ်းဆဲ မုရင်းစပါးစိုက်ခင်းများ၊ ပဲ၊ ပြောင်း၊ ကြက်သွန်၊ ဟင်းရွက်ခင်းများ၊ အစာရှာနေကြသည့် ရေနေကျေးငှက်များနှင့် နွေအလှကို ဖော်ပြထားသလို မိုးရာသီတွင် ဧရာဝတီ၊ ဒုဋ္ဌဝတီနှင့် တောင်သမန်အင်း ပေါင်းစပ်ကာ ဖြစ်ပေါ်လာသည့် ရေပြင်ကျယ်ကြီးက လှိုင်းကြက်ခွပ်ဖွေးဖွေးလှုပ်နေသည့် အညာဒေသ ပင်လယ်ပြင်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားပြီး တစ်ခါတစ်ရံ လှိုင်းအပုတ်တွင် ယိမ်းလှုပ်သွားရရှာသော ဦးပိန်တံတား

စာမျက်နှာ ၇ သို့

■ စာမျက်နှာ ၆ မှ

မြင်ကွင်းက မိုးရာသီ၏လျှို့ဝှက်သည်းဖို ပန်းချီကားတစ်ချပ် ဖြစ်ပါသည်။ တော်သလင်းမှစ၍ ဆောင်းရာသီအကူး ဧရာဝတီနှင့် မြစ်ငယ်မြစ် မြစ်နှစ်သွယ် ရေကျသွားသည့်အခါတွင် အင်းရေပြင်အောက်မှ ထွက်ပေါ်လာသည့် မုရင်းစပါးခင်းများ၊ ကောက်ပဲသီးနှံစိုက်ခင်းများဖြင့် ဆောင်းရာသီအလှကို ပုံဖော်ပေးပြန်ပါသည်။ ရေနေငှက်များ၊ ဆောင်းခိုငှက်များ၏ ပျံသန်းတွန်ကျူးသံများက ဆောင်းရာသီအလှကို ပိုမိုပီပြင်စေပါသည်။

တောင်သမန်အင်း၏ သဘာဝအလှတရားများကို စာဖွဲ့တင်ပြရသည့်အကြောင်းမှာ မြန်မာနိုင်ငံနေရာဒေသအနှံ့တွင်ရှိကြသည့် မြစ်ချောင်း၊အင်းအိုင်များအားလုံးတွင် စာဖွဲ့၍မကုန်နိုင်သော အလှကိုယ်စီ ရှိနေကြသည့်အတွက် ထိုအလှတရားများကို မြတ်နိုးတန်ဖိုးထားစေလိုသောစိတ်၊ ရေနေသတ္တဝါများအား ကာကွယ်ထိန်းသိမ်းလိုသောစိတ်နှင့် မြစ်ချောင်း၊ အင်းအိုင်များ ရေရှည်တည်မြဲစေလိုသောစိတ်ကြောင့် ဖြစ်ပါသည်။

**ဗုဒ္ဓဝင်တော်လာတောင်သမန်အင်း**

ဂေါတမဘုရားရှင် လက်ထက်တော်တွင် သုနာပရန္တတိုင်းခေါ် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်း၊ အင်းဝ၊ မန္တလေး အရပ်ဒေသများသို့ ဒေသစာရီကြွချီတော်မူသောအခါ စစ်ကိုင်းသောတာပန်အရပ်သို့အရောက်တွင် နတ်ဘီလူး ၉၉ ယောက်ကို တရားဟောတော်မူပြီး ထိုဘီလူး ၉၉ ယောက်စလုံး သောတာပန်ဖြစ်သွားသည့်အတွက် စစ်ကိုင်းတွင် သောတာပန်အရပ်ဟူ၍ ယနေ့တိုင်ရှိနေသည်။ ထိုနတ်ဘီလူး ၉၉ ယောက်က အရှေ့ဘက်ကမ်းတွင် နတ်ဘီလူး ဆွေမျိုးလေးယောက်ရှိသေးကြောင်းနှင့် သူတို့ကို တရားချီးမြှင့်တော်မူပါရန် တောင်းပန်သည့်အတွက် ငတောင်သမန်၊ ငတောင်မြင့်၊ ငတောင်ကျည်း၊ ငတောင်ပြုန်း စသည့် နတ်ဘီလူးလေးယောက်ကို တရားဟောတော်မူပါသည်။ နတ်ဘီလူးလေးယောက်လှူသော သားပြွမ်းဆွမ်း အလှူကြောင့် နောင်အခါ၌ဒေသတွင် သင်တို့အမည်နှင့် ရပ်ရွာဒေသဖြစ်လိမ့်မယ်ဟု ဗျာဒိတ်တော်ထားခဲ့သည့်အတွက် အမရပူရခေတ်မတိုင်မီကပင် တောင်သမန်အင်း၊ တောင်မြင့် အင်းဟု အထင်အရှားရှိနေပြီဟု မှတ်သားရပါသည်။ ရွှေဂူကြီးဘုရား၊ ပွဲပါဘုရားများ မှတ်တမ်းများအရ ပုဂံခေတ်တွင်လည်း တောင်သမန်အင်းမှာ အထင်အရှား ရှိနေပြီဖြစ်သည်။

**တောင်သမန်ဘေးမဲ့အင်း**

ပဒေသရာဇ်ခေတ်များတွင် သာသနာရေးဆိုင်ရာ နယ်မြေများ၊ မြစ်ချောင်း၊ အင်းအိုင်များတွင်ရှိသော ရေနေသတ္တဝါများကို ဘေးမဲ့ပေးလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ရှင်ဘုရင်ကိုယ်တိုင် သနားတော်မူသောကြောင့် ဘေးမဲ့နယ်မြေများ၊ ဘေးမဲ့အင်းများ သတ်မှတ်ခြင်းများရှိသကဲ့သို့ နယ်မြေဒေသခံ ဆရာတော်ကြီးများက ဦးဆောင်ပြီး နန်းတော်သို့ မေတ္တာစာပေးပို့တောင်းဆိုခြင်းများကြောင့် ရှင်ဘုရင်က အမိန့်တော်ထုတ်ပြန်ပြီး ဘေးမဲ့အင်းအဖြစ်သတ်မှတ်ပေးသော အထောက်အထားများကိုလည်း ဖတ်ရှုရပါသည်။ ဘေးမဲ့အင်းကို ဒေသခံဆရာတော်ကြီးများနှင့် ပြည်သူများက ကာကွယ်ထိန်းသိမ်းကြပါသည်။ ဤအချက်သည် မြန်မာနိုင်ငံတွင် ရှေးပဒေသရာဇ်ခေတ်မှစ၍ သဘာဝပတ်ဝန်းကျင်များကို ပြည်သူများကိုယ်တိုင် ပူးပေါင်းထိန်းသိမ်းသည့် အလေ့အထရှိနေပြီး ယခုခေတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစုအဖွဲ့များပုံစံမျိုးသည် ရှေးခေတ်မြန်မာ့ယဉ်ကျေးမှုပုံစံဖြင့် ရှိနေကြောင်း တွေ့ရသည်။ တောင်သမန်အင်းသည် အမရပူရခေတ်တွင် ဘေးမဲ့အင်းသတ်မှတ်ထားကြောင်းနှင့် ဘေးမဲ့အင်းသတ်မှတ်ကြောင်းအမိန့်ကို ရှင်ဘုရင်က ထုတ်ပြန်ပေးသည့်အတွက် အင်းအိုင်နှင့် ပတ်သက်သော လုပ်ပိုင်ခွင့်အာဏာများသည် ရှင်ဘုရင်မှ တိုက်ရိုက်ဆင်းသက်ကြောင်း ထင်ရှားနေပါသည်။




**အကြီးမားဆုံးငါးလုပ်ငန်းပြစ်ဒဏ်**

အမရပူရခေတ် ပုဂံမင်းလက်ထက် ၁၈၅၂ခုနှစ် ဧပြီလတွင် တောင်သမန်အင်း ရေလျော့နည်း ခန်းခြောက်သွားသောကြောင့် အင်းအတွင်းရှိ ငါးများ သေကျေပျက်စီးသည့်အတွက် အရပ်သားများက အင်းထဲမှ ငါးအသေများကို ကောက်ယူကြသည်။ ထို့နောက် ငါးအသေများ သာမက ငါးအရှင်များကိုပါ ဖမ်းဆီးကြသည့်အမှုကြီး ကျူးလွန်ကြပါတော့သည်။ ထိုအမှုကြီးတွင် တားမြစ်ရန် တာဝန်ရှိပါလျက် မတားမြစ်သည့်အပြင် ဝန်ထောက်ငပေါက်နှင့် နာခံငကလယ်တို့ကိုယ်တိုင် ပါဝင်ငါးဖမ်းကြသော သတင်းစကား ဘုရင့်နားပေါက်ကြားသွားသည့်အတွက် ဖမ်းဆီးအပြစ်ပေးခြင်းခံကြရပါသည်။ အမတ်ကြီးနှစ်ဦးအား ပေးထားသောမြို့စား၊ ရွာစားအရာမှနုတ်ပြီး ထောင်သွင်းအရေးယူမှု ဖြစ်ခဲ့ပါသည်။ ငါးဆိုသည်မှာ ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ သွင်ပြင်အမူအရာတွင် ထူးခြားပြီး လူတိုင်းကိုဆွဲဆောင်နိုင်သော စွမ်းအားရှိသည့် သတ္တဝါဖြစ်သောကြောင့် မျိုးတော် မတ်တော်နှစ်ပါး မနေနိုင်မထိုင်နိုင်ဖြစ်ကာ အင်းထဲသို့ဆင်းပြီး ငါးဖမ်းဆီးသည့်အတွက် အရေးယူခံခဲ့ရခြင်းသည် တောင်သမန်အင်း၏ ထင်ရှားသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး အကြီးမားဆုံးသော ငါးလုပ်ငန်းဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တင်ပြလိုသည်မှာ မြစ်ချောင်း၊ အင်းအိုင်၊ ငါးသယံဇာတထိမ်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအပေါ်တွင် မြန်မာမင်း အဆက်ဆက် ဂရုပြုအလေးထား ဆောင်ရွက်ခဲ့ကြောင်းကို တင်ပြလိုရင်း ဖြစ်ပါသည်။ ယနေ့ခေတ်အသုံးပြုနေသော ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများမှာ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (၁၉၈၉)၊ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (၁၉၈၉)၊ မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေ (၁၉၉၀) တို့ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက ရေးဆွဲပြဋ္ဌာန်းထားသော ရေချိုငါးလုပ်ငန်းဥပဒေများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၈၈)အရ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

**ပဒေသရာဇ်ခေတ်**
**အင်းအိုင်အုပ်ချုပ်ရေး**

ရှေးဘုရင်များလက်ထက်က အင်းအိုင်များနှင့်ပတ်သက်ပြီး လယ်စားမင်းများခန့်ထားကြောင်းကို တောင်သမန်လယ်စားမင်း၊ မကျည်းတောလယ်စားမင်းဆိုသော ရာထူးများက သိရှိနိုင်ပါသည်။ တောင်သမန်အင်း၏ အခမ်းနားဆုံးနှင့် အရေးပါဆုံး နောက်ဆုံးအချိန်မှာ မန္တလေးရတနာပုံခေတ်ဖြစ်ပြီး မန္တလေးနန်းတော်ရှေ့အရပ် ရတနာနဒီမြစ် (တူးမြောင်းတော်)မှတစ်ဆင့် ဇောင်းကလောကန်၊ တောင်မြင့်အင်း၊ တောင်သမန်အင်း၊ ဧရာဝတီမြစ်၊ မြစ်ငယ်မြစ်အထိ တစ်ဆက်တစ်စပ်တည်း ရေပြင်ရေရိုးများရှိနေသည့်အပြင် တောင်သမန်အင်းအတွင်းတွင် ဘုရင့်လှေဖောင်တော်များ ဝင်ထွက်သွားလာနိုင်ရန် ဖောင်ကြောင်းကိုးကြောင်းရှိကြောင်း တွေ့ရသည်။ ယခုအခါ ရတနာနဒီ တူးမြောင်းတော်နှင့် ဇောင်းကလောကန်တို့ ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။

**လေလံအင်းနိဒါန်းနဲ့နိဂုံး**

တောင်သမန်အင်းကို ၁၉၀၉ ခုနှစ် အင်္ဂလိပ်အစိုးရခေတ်တွင် အင်းမြေပုံ၊ အင်းနယ်နိမိတ်များ ရေးဆွဲသတ်မှတ်ပြီး လေလံရောင်းချခဲ့ကြောင်း မှတ်သားရသည်။ ၁၉၈၉–၁၉၈၀ ခုနှစ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ငါးလုပ်ငန်းဦးစီးဌာနသို့ အင်းလုပ်ငန်းတာဝန်များကို လွှဲပြောင်းသောအခါ လေလံအင်းအဖြစ် လွှဲပြောင်းခဲ့သည်။ ငါးလုပ်ငန်းဦးစီးဌာနသို့ ရောက်ရှိပြီးနောက် လေလံအင်းအဖြစ် ဈေးပြိုင်ရောင်းချခဲ့ရာ ၁၉၉၀–၁၉၉၁ ခုနှစ်မှစ၍ ၁၉၉၃–၁၉၉၄ ခုနှစ်အထိ မြန်မာ့ရေလုပ်ငန်း၊ ၁၉၉၄–၁၉၉၅ ခုနှစ်မှစ၍ ၂၀၀၃–၂၀၀၄ ခုနှစ်အထိ ထောက်လှမ်းရေး(၁၆)၊ ၂၀၀၄–၂၀၀၅ ခုနှစ်မှစ၍ ၂၀၁၃–၂၀၁၄ ခုနှစ်အထိ မြို့တော်စည်ပင်တို့ကို (၃)နှစ်ကြေးတိုင် လုပ်ကိုင်ခွင့်များပေးခဲ့သည်။

မိုးတွင်းကာလ ရေကြီးချိန်တွင် ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ငယ်မြစ်မှ မြစ်ရေများ လွတ်လွတ်လပ်လပ် ဝင်ရောက်နိုင်သော ကာလများက ငါးပတ်၊ ငါးပြား၊ ငါးဖန်းမ၊ ငါးရံ့၊ ငါးလဘိ၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ငါးလူး၊ ငါးလဲ၊ ငါးအုံတုံ၊ ငါးမြွေနီ၊ နိုင်လွန်ငါး၊ ငါးနုတ်၊ ငါးဖွဲ၊ ပုစွန်ဆိတ်နှင့် ငါးသလောက် စသောတိုင်းရင်းငါးမျိုးများ သဘာဝအတိုင်း ဝင်ရောက်မျိုးပွားလေ့ရှိသော်လည်း ၁၉၉၅ ခုနှစ်၌ တောင်သမန်အင်းတွင် ရေအမြဲတည်ရှိစေလိုသောကြောင့် ဆည်မြောင်းဦးစီးဌာနက တံတားဖြူရေထိန်းတံခါး ဆောက်လိုက်သည့်အခါတွင် ဧရာဝတီမြစ်ရေဝင်ရောက်ရန် ခက်ခဲသွားသဖြင့် တိုင်းရင်းငါးမျိုးများလည်း ဝင်ရောက်ရန် ခက်ခဲသွားသည့်အတွက် အင်းအတွင်းသို့ မွေးမြူရေးငါးများ ထည့်သွင်းမွေးမြူသောစနစ် ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရှိရသည်။

မန္တလေးမြို့ကြီးဖွံ့ဖြိုးမှုက အရှိန်အဟုန်နှင့်ဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။ တောင်သမန်အင်း၏ ရေဝေရေလဲဖြစ်သော ဇောင်းကလောကန်သည်လည်း ပြည်ကြီးတံခွန်မြို့နယ်ဟုဖြစ်ခဲ့ပြီ။ ပန်းရံတော်ချောင်းတစ်လျှောက်တွင် ၁၉၉၀ ပြည့်နှစ်လောက်မှစ၍ စက်မှုဇုန်(၁)၊ ဆည်တော်ကြီး မြောင်းလက်တံ(၆) ရေပိုမြောင်းတစ်လျှောက်တွင် ၁၉၉၉ ခုနှစ်လောက်မှစ၍ စက်မှုဇုန်(၂) တို့ဖြစ်ခဲ့ပြီ။ အင်းပတ်ပတ်လည်တွင် လူနေအိမ်များ၊ စားသောက်ဆိုင်ခန်းများ ဖြစ်လာသည့်အတွက် မြို့ပြမှ စွန့်ပစ်အမှိုက်သရိုက် အညစ် အကြေး (Urban Waste)များ၊ စက်မှုဇုန်မှ စွန့်ပစ်သည့်ရေဆိုး (Industrial Waste)များကြောင့် တောင်သမန်အင်း ရေသည် နဂိုမူလအတိုင်း သန့်ရှင်းမှု မရှိတော့သဖြင့် နှစ်စဉ်ငါးသေဆုံးမှု အနည်းနှင့်အများ ကြုံတွေ့နေရပြီဖြစ်သည်။

မန္တလေးမြို့ပြဖွံ့ဖြိုးမှု၊ စက်မှုဇုန်များ ပေါ်ပေါက်လာမှု၊ သဘာဝရေဝင်ရောက်နိုင်ရေး ခက်ခဲလာမှု၊ တောင်သမန်အင်းတွင် ရေအမြဲတည်ရှိစေလိုမှုများက အင်းအရည်အသွေးကို ကျဆင်းစေပြီး ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကိုဖြစ်ပေါ်စေခဲ့သည်။ သို့ဖြစ်၍ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ ရက်စွဲဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က တောင်သမန်အင်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု မရှိစေရေးအတွက် အင်းအစား သဘာဝကန်အဖြစ် ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်းနှင့် အင်းလေလံပစ်ခြင်းမပြုရန် အကြောင်းကြားသည့်အတွက် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ်–၃/ ၂၀၁၅ ဖြင့် လေလံတင်ရောင်းချခြင်းအား ပယ်ဖျက်ပြီး အင်းစာရင်းမှ ပယ်ဖျက်လိုက်ကြောင်း ကြေညာခဲ့သည်။

စက်မှုနှင့်မြို့ပြဖွံ့ဖြိုးမှု၏ လွှမ်းမိုးမှု အခြေအနေများကို အင်းပတ်ဝန်းကျင်တွင် တည်ရှိနေသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ဘာသာရေးအမွေအနှစ်များ၊ သဘာဝအလှတရားများ၊ စာပေယဉ်ကျေးမှုများနှင့်အတူ လက်တွဲပြီး တွန်းလှန်နေရသည့်အနေအထားဖြစ်ပါသည်။ ယနေ့တောင်သမန်အင်းသည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များနှင့် စည်ကားနေဆဲဖြစ်သည်။ လေလံအင်းဘဝမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကန်အဖြစ်သို့ ပြောင်းလဲသတ်မှတ်ခြင်းခံရသော်လည်း ပြည်သူများကပေးသည့် တောင်သမန်အင်း ကမ္ဘည်းစာတိုင်လေးက အမရပူရနန်းမြို့ရိုး တောင်ဘက် တောင်သမန်အင်း မြောက်ဘက်အင်းစောင်းတွင် ခိုင်ခိုင်မာမာရပ်တည်နေပါသေးသည်။ အင်းကမ္ဘည်းစာတိုင်လေး ထာဝရတည်မြဲအောင် ပြည်သူများက ကြိုးစားဆုံးဖြတ်ပေးကြရပေလိမ့်မည်။ ထိုဆုံးဖြတ်ချက်မှာ အမှိုက်သရိုက်အညစ်အကြေးများ၊ ရေဆိုးများကို အင်းအတွင်းသို့ စွန့်ပစ်ခြင်း၊ စီးဝင်စေခြင်းများ မပြုလုပ်ကြရန် ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်း၊ ဝိုင်းဝန်းဟန့်တားခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဤသို့ သမိုင်းဝင်စာဝင်ပေဝင်အင်းကြီး၏ အခြေအနေကို ဖတ်ရှုရခြင်းအားဖြင့် ဒေသအသီးသီးရှိ အင်းများ၏ ရပ်တည်နေရဆဲအခြေအနေများကို ချိုင့်သုံးသပ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရန် နည်းလမ်းများကိုလည်း ကြံဆနိုင်မည်ဖြစ်ပါသည်။

ဆရာရွှေသော်၏ **“မြစ်ချောင်း၊ အင်းအိုင်များသည် နိုင်ငံတော်၏သဘာဝသယံဇာတများ (Natural Resources) ဖြစ်သည်သာမကဘဲ နိုင်ငံသူနိုင်ငံသားများအတွက် သဘာဝတရားကြီးက ဖန်တီးပေးထားသော သဘာဝအမွေအနှစ် (Natural Heritage) လည်းဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကပင် မြန်မာတို့ဘိုးစဉ်ဘောင်ဆက် သားစဉ်မြေးဆက် နှစ်ကာလရှည်လျားစွာ လုပ်ကိုင် စားသောက်ခဲ့ကြရသော အမျိုးသားအမွေအနှစ် (National Heritage) တစ်ရပ်လည်းဖြစ်သည်။ အမျိုးသား အမွေအနှစ်တစ်ရပ်ကို မတိမ်ကော မပျက်စီးအောင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကျင့်သုံးဆောင်ရွက်ကြပါရန်”** ဟူသော စာသားဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် မြစ်ချောင်း အင်းအိုင်များကို တန်ဖိုးထား ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။ ။

■

# မော်လမြိုင်မြို့အနီးတွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း တစ်ခုနှင့် လေယာဉ်ကွင်းအသစ်တစ်ခု တည်ဆောက်မည်

**နေပြည်တော် ဩဂုတ် ၄**

မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကော့ပရံကျေးရွာအနီးတွင် နိုင်ငံတကာအဆင့်မီလေယာဉ်ကွင်းအသစ်တစ်ခုနှင့် ဘလောက်ညောင်ဝိုင်းကျေးရွာနှင့် ဝဲကလိကျေးရွာအကြားတွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအသစ်တစ်ခု တည်ဆောက်နိုင်ရေးအတွက် မြေနေရာသတ်မှတ်ထားရှိပြီးဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ ပြီးခဲ့တဲ့နှစ် ဇွန်လ ၁ ရက်က လာရောက်ခဲ့တဲ့ခရီးစဉ်မှာ မွန်ပြည်နယ်မှာ နိုင်ငံတကာအဆင့်မီလေယာဉ်ကွင်းအသစ်တစ်ခု တည်ဆောက်နိုင်ဖို့နဲ့ ပင်လယ်နဲ့နီးတဲ့အတွက် ဆိပ်ကမ်းမြို့တစ်ခုအဖြစ် ဖြစ်လာအောင် ဆောင်ရွက်ဖို့ လမ်းညွှန်ခဲ့တာရှိပါတယ်။ အဓိကတော့ ဒေသစီးပွား ပိုပြီးဖွံ့ဖြိုးလာဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ဒါကြောင့် လေဆိပ်တစ်ခု တည်ဆောက်သွားဖို့ မြေနေရာရှာဖွေပြီး ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု တင်ပြခဲ့တယ်။ ဒီလိုပဲ မော်လမြိုင်မြို့ကို ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့အဖြစ် အဆင့်မြှင့်တင်နိုင်ဖို့ ဆိပ်ကမ်းကောင်းတစ်ခု တည်ဆောက်နိုင်မယ့်နေရာကိုလည်း လေ့လာဆန်းစစ်တင်ပြခဲ့ပါတယ်"ဟု မွန်ပြည်နယ် အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့အနီး နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတည်ဆောက်ရန်အတွက် မြေနေရာစုစုပေါင်းစီမံကိန်း အဆိုပြုဧရိယာ ၄၆၂၆ ဒသမ ၂၉ ဧက လျာထားဆောင်ရွက်ထားကြောင်း ပြည်နယ်အစိုးရအဖွဲ့က သိရသည်။

"မွန်ပြည်နယ်မှာ လေဆိပ်နဲ့ဆိပ်ကမ်းတစ်ခု အကောင်အထည်ဖော်မယ်လို့သိရပါတယ်။ ဒါကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီက ထွက်တဲ့ကုန်ချောတွေကို ရေလမ်းကြောင်းကနေတစ်ဆင့် အခြားနိုင်ငံတွေကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ဒါကြောင့် ဒီကထွက်ကုန်တွေကို ရန်ကုန်မြို့မှာရှိတဲ့ ဂိုဒေါင်တွေကိုငှားပြီး အဲဒီကနေတစ်ဆင့် ဆိပ်ကမ်း၊ ဆိပ်ကမ်းကနေ သက်ဆိုင်ရာနိုင်ငံကို ပြန်လည်တင်ပို့ရောင်းချရတာဖြစ်ပါတယ်။ ဒီအတွက် သယ်ယူပို့ဆောင်ခတွေ အများကြီးကုန်ကျပါတယ်။ ဒီမှာ ဆိပ်ကမ်းတစ်ခုတည်ဆောက်လိုက်မယ်ဆိုရင်တော့ ဒီကနေတစ်ဆင့် သက်ဆိုင်ရာနိုင်ငံတွေကို တိုက်ရိုက်တင်ပို့နိုင်မှာဖြစ်ပါတယ်"ဟု ရော်ဘာလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးထက်အောင်က ပြောသည်။

မွန်ပြည်နယ်အတွင်း နိုင်ငံတကာအဆင့်မီ လေဆိပ်နှင့် ဆိပ်ကမ်းတည်ဆောက်ပြီးပါက ဒေသတွင်းခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်း၊ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ အလုပ်အကိုင်အသစ်များရရှိလာနိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

မင်းမင်း

# မကွေးမြို့အဝင်မုခ်ဦး တည်ဆောက်ခြင်းနှင့် မုခ်ဦးတည်ဆောက်သည့်နေရာတွင် ကတ္တရာကွန်ကရစ်လမ်းနှင့် ရိုးရိုးကတ္တရာလမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး

**မကွေး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့်အတူ တာဝန်ရှိသူများလိုက်ပါကာ ယမန်နေ့နံနက်ပိုင်းက မကွေးမြို့ မြို့အဝင်မုခ်ဦး တည်ဆောက်ခြင်းနှင့် မုခ်ဦးတည်ဆောက်သည့် နေရာတွင် ကတ္တရာကွန်ကရစ်လမ်းနှင့် ရိုးရိုးကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား မုခ်ဦးတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်၊ တာဝန်ခံအင်ဂျင်နီယာမှူးနှင့် ကုမ္ပဏီတာဝန်ရှိသူတို့က ရှင်းလင်းတင်ပြခဲ့ကြပြီး လုပ်ငန်းများဆောင်ရွက်နေမှုနှင့် တင်ပြခဲ့မှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးရေးနှင့် အခြားလိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါမကွေးမြို့အဝင်မုခ်ဦးအား တိုင်းဒေသကြီး၏ ထူးခြားသည့်သင်္ကေတ၊ ဝိသေသများ၊ မြန်မာ့လက်မှုအနုပညာများ ဦးစားပေးကာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး မုခ်ဦးအမြင့် ၄၉ ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ မုခ်ဦးရင်ပြင်အလျား ၁၆၅ ပေနှင့် ယာဉ်ဖြတ်သန်းသွားလာကင်းလွတ်ခွင့်အမြင့်မှာ ၂၈ ပေဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျပ်သိန်းပေါင်း ၄၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် လုပ်ငန်းများ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ မုခ်ဦးတည်ဆောက်သည့် နေရာတွင် အကျယ် ၄၈ ပေ၊ အရှည်ပေ ၁၀၀၀ ရှိ ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းနှင့် ၄၈ ပေအကျယ်၊ ပေ ၁၀၀၀ အရှည်ရှိ ရိုးရိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းအားလုံးကို ယခုဩဂုတ်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ခံ အင်ဂျင်နီယာမှူးထံမှ သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

# မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မော်လမြိုင် ဩဂုတ် ၄**

မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ် မိုးလုံလေလုံအားကစားခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားနည်းအလိုက် ပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ အရည်အချင်းပြည့်ဝမှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှု၊ စိတ်ဓာတ်ရေးရာ မြင့်မားမှု စသည့်အချက်များအပေါ် များစွာတည်မှီနေသည့်အတွက် ဘက်စုံထောင့်စုံမှ အရည်အသွေးမြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ယခုပြိုင်ပွဲမှ ထူးချွန်ထက်မြက်သည့် စားပွဲတင်တင်းနစ်အားကစားသမား များစွာပေါ်ထွက်ပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်စေရေး ကြိုးပမ်းကြရန် ဖြစ်ကြောင်း ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့သည်။

**ကြည့်ရှုအားပေး**

အဆိုပါ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ အဖွင့်ပွဲစဉ် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲအဖြစ် မော်လမြိုင်မြို့နယ်အသင်းနှင့် ပေါင်မြို့နယ်အသင်းတို့၏ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မြစ်ကြီးနားမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ထပ်စာသင်ဆောင်သစ်တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၌ နှစ်ထပ်စာသင်ဆောင်သစ် တည်ဆောက်နိုင်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက အဆိုပါကျောင်းဝင်းအတွင်းရှိ အဆောက်အအုံသစ် တည်ဆောက်မည့်နေရာ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပန္နက်တင်မင်္ဂလာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဝဏ္ဏကျော်ထင် ဦးတူးဂျာ၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်နှင့် ပြည်နယ်ပညာရေးမှူးတို့က သတ်မှတ်နေရာ အသီးသီးတွင် ပန္နက်ရိုက်တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ကျောင်းဆောင်သစ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကျောင်းအုပ်ကြီးနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိ RC နှစ်ထပ်ဆောင်အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## မောတောင်-ဆင်းခွန် နယ်စပ်ဂိတ် စတင်ဖွင့်လှစ်ပြီဖြစ်သော်လည်း ကန့်သတ်မှုများပြုလုပ်ထားသည့်အတွက် လုပ်ငန်းရှင်များအခက်အခဲကြုံ




မောတောင် ဩဂုတ် ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မောတောင်မြို့ရှိ မောတောင် – ဆင်းခွန် နယ်စပ်ဂိတ်ကို ကုန်သွယ်မှု ပြန်လည် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သော်လည်း ထိုင်းဘက်မှ ကန့်သတ်မှုများပြုလုပ်ထားသည့်အတွက် ဒေသခံလုပ်ငန်းရှင်များ အခက်အခဲဖြစ်နေကြောင်း သိရသည်။

မောတောင် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်မှုပြန်လည်စတင်ရန် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခံခရိုင် ဆင်းခွန်အထူး ယာယီနယ်စပ်ဂိတ်မှ ဩဂုတ် ၁ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

"အဓိကအချက်ကတော့ လူနေမှုနဲ့ စားဝတ်နေရေးအတွက် ဖွင့်ပေးတာပါ။ တချို့ကုန်စည်တွေကတော့ ကန့်သတ်ထားဆဲဖြစ်ပါတယ်။ လူအဝင်အထွက်ကတော့ ခွင့်မပြုသေးပါဘူး" ဟု နှစ်နိုင်ငံကုန်သွယ်မှု ဆောင်ရွက်နေသူ တစ်ဦးက ပြောကြားသည်။

ကိုဗစ်–၁၉ ရောဂါ အခြေအနေကြောင့် ထိုင်းနိုင်ငံက မတ်လတွင် စတင်ပိတ်ထားသည့် အဆိုပါ နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံအနေဖြင့် နေ့စဉ်လိုအပ်နေသည့် ကုန်စည်များကိုသာ အဓိက ဝယ်ယူနေသော်လည်း ကန့်သတ်မှုများ လုပ်ဆောင်နေသဖြင့် ကုန်သည်များ အခက်အခဲဖြစ်နေကြောင်း သိရသည်။

"အေးခဲတွေကိုတော့ ကုန်သွယ်ခွင့်ပေးတယ်။ ကုန်သည်တွေအနေနဲ့ Invoice/Packing List အပြည့်အစုံကို ပရာကျွတ်ခီရီခံ ခရိုင်ဝန်ရုံးမှာ အစိုးရရုံးဖွင့်ရက်တွေမှာ တစ်ရက်ကြိုတင်အကြောင်းကြားခွင့်ပြုချက်ယူရမယ်။ ကုန်စည်ပို့တဲ့အခါမှာ ယာဉ်မောင်းတစ်ဦးသာ လိုက်ပါလာရမှာဖြစ်ပြီး အဲဒီယာဉ်မောင်းက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ သို့မဟုတ် မိုးကာ၊ လက်အိတ်တွေ၊ နှာခေါင်းစည်း၊ ဦးထုပ်တွေ ဝတ်ဆင်ထားရမယ်လို့ ပြောပါတယ်။ မြန်မာအလုပ်သမားတွေကို အသုံးပြုခွင့်မပေးပါဘူး။ ထိုင်းနိုင်ငံသားအလုပ်သမားတွေကိုပဲ သုံးမှာပါ။ အဲဒီတော့ကုန်စည် ပိုင်ရှင်(သို့)ကိုယ်စားလှယ်က လိုက်ပါခွင့်မရှိတဲ့အတွက် ကုန်စည်အလျှော့အတင်း၊ ပေးတဲ့ဈေးနှုန်းတွေ ညှိမရတာ၊ ရေထွက်ကုန်တွေ ပို့မရတာတွေ၊ မြန်မာနိုင်ငံသားတွေ အလုပ်မရတာတွေ ကြုံနေရတယ်"ဟု ကုန်သွယ်မှုပြုလုပ်နေသူတစ်ဦးက ပြောကြားသည်။

ထိုသို့ကုန်ပစ္စည်းတချို့ကန့်သတ်လိုက်သည့်အတွက် မြိတ်ခရိုင်၏ အဓိက ထွက်ကုန်ဖြစ်သည့် ရေထွက်ပစ္စည်းများ တင်ပို့ရန် အခက်အခဲ ဖြစ်သွားကြောင်း၊ ကန့်သတ်ထားသည့်ကုန်ပစ္စည်းများမှာ ရေခဲစိမ်နှင့် ရေထွက်ပစ္စည်းတချို့ (ဥပမာ–ကင်းမွန်၊ ပလာတူးနှင့် ငါးတချို့) ပါဝင်နေကြောင်း သိရသည်။

မောတောင် နယ်စပ်ဂိတ်မှာ မြန်မာနိုင်ငံဘက်မှ အမြဲတမ်းဂိတ်တစ်ခုဖြစ်သော်လည်း ထိုင်းနိုင်ငံဘက်ခြမ်းရှိ ဆင်းခွန်ဂိတ်မှာ အထူး ယာယီနယ်စပ်ဂိတ်အဆင့်သာဖြစ်သည့်အတွက် ကုန်သွယ်မှုနှင့် လူဝင် လူထွက် ကိစ္စရပ်များမှာ ကန့်သတ်မှုများရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



## အင်းစိန်မြို့နယ်၌ နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံခြင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးထိုးစုရပ်၌ တိုက်ကျွေးထိုးနှံလျက်ရှိသည်။

**လစဉ်ဆောင်ရွက်လျက်ရှိ**

ထိုသို့ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိပြီး အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(စီမံ/ဘဏ္ဍာ) ဒေါက်တာမိုးမိုးမြင့်နှင့် ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငါးမျိုးစပ် ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မေးခိုင်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါ၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပိုလီယိုရောဂါကာကွယ်ဆေး စသည်တို့ကို တိုက်ကျွေးထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဉာဏ်ဟိန်း

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၀ တွင် ရေရှားပါးပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိ

မန္တလေး ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ၂၀ မှ ကျေးရွာ ၇၁ ရွာတွင် ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်စောထံမှ သိရသည်။

အဆိုပါမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၇၁ ရွာမှ အိမ်ခြေ ၁၄၉၀၀ ကျော်၊ လူဦးရေ ၇၁၀၀၀ ကျော်အတွက် ရေရှားပါးပြတ်လပ်မှုမရှိစေရန် ဇွန်လပထမပတ်မှ စတင်ကာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်း ရေရှားပါးပြတ်လပ်မှုကြုံတွေ့နိုင်တဲ့ ကျေးရွာတွေကို ရေရရှိနိုင်မယ့် နည်းလမ်းတွေနဲ့ ဆောင်ရွက်ပေးလျက်ရှိရာမှာ ခုဆိုရင် ၄၀ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ အခုဘဏ္ဍာနှစ်မှာ ကျေးရွာတွေ ရေရရှိရေးဆောင်ရွက်ဖို့ ပြည်ထောင်စုကနေ ဘတ်ဂျက်ချထားပေးပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၇၀၀ ကျော်နဲ့ ရေရရှိရေးလုပ်ငန်းတွေ အကောင်အထည်ဖော်နေပါတယ်"ဟု ၎င်းက ပြောကြားသည်။

ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ရေရရှိနိုင်မည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရာတွင် တွင်းတိမ် နှစ်တွင်း၊ တွင်းနက် ၄၄ တွင်း၊ မြေသားရေကန် တစ်ကန်၊ အိမ်သွယ်ရေတိုင်စနစ် ၂၆ ခု၊ ရေသန့်စင်စနစ် သုံးခု၊ ရေစင်တည်ဆောက်ခြင်း တစ်ခု၊ အခြားလုပ်ငန်း သုံးခု စုစုပေါင်း လုပ်ငန်း ၈၀ ဖြင့် ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်အေးချမ်း



## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဩဂုတ် ၄

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ



သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၁၀၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၄၁၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၆၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၅၀၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၁၅၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၉၇၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၃၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၁၅၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မျောက်ကျောက်ရောဂါ ကြိုတင်ကာကွယ်ပါ

တင်ထက်ထက်ဇော်



မျောက်ကျောက်ရောဂါ (Monkeypox) ဆိုသည်မှာ မျောက်ကျောက်ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ ၁၉၅၈ ခုနှစ်က ကျောက်ရောဂါနှင့်ဆင်တူသည့် ရောဂါတစ်ခုအဖြစ် မျောက်များတွင် စတင်တွေ့ရှိခဲ့ပါသည်။ လူသားတွင် ပထမဆုံးဖြစ်ပွားမှုကို ၁၉၇၀ ပြည့်နှစ်မှာ အာဖရိကအလယ်ပိုင်း ကွန်ဂိုနိုင်ငံ၌ စတင်တွေ့ရှိခဲ့သည်။ ထို့နောက် အာဖရိကနိုင်ငံများတွင် အဆိုပါရောဂါဖြစ်ပွားမှုကို ကြိုးကြားကြိုးကြား တွေ့ရှိခဲ့ကြသည်။ ယခုနှစ်အတွင်း အာဖရိကအလယ်ပိုင်း၊ အာဖရိကအနောက်ပိုင်းတို့တွင် သာမက ဥရောပ၊ မြောက်အမေရိကနှင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ကူးစက်ပျံ့နှံ့လာပြီဖြစ်သည်။

မူရင်းတွေ့ရှိခဲ့သော မျောက်ကျောက်ရောဂါသည် ရောဂါပိုးရှိသော လူ သို့မဟုတ် တိရစ္ဆာန် သို့မဟုတ် အရာဝတ္ထုပစ္စည်းများနှင့် အနီးကပ် ထိတွေ့ခြင်း၊ ကိုင်တွယ်ခြင်းဖြင့် ကူးစက်နိုင်ပါသည်။ ထိုကာလများ၌ လူအချင်းချင်း ကူးစက်မှုကို အနည်းငယ်သာ တွေ့ရှိရပါသည်။ သို့သော် ၂၀၂၂ ခုနှစ် မေလအတွင်း ကပ်ရောဂါအသွင် ပျံ့နှံ့လာသည့် မျောက်ကျောက်ရောဂါမှာ အမျိုးသားအချင်းချင်း လိင်တူဆက်ဆံခြင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်နိုင်ကြောင်းနှင့် မျောက်ကျောက်ရောဂါ၏ မျိုးဗီဇ အပြောင်းအလဲသည် မျှော်လင့်ထားသည်ထက် ၁၂ ဆ ပိုမြန်ဆန်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။ မွေးကင်းစကလေးငယ်များ၊ ကလေးသူငယ်များနှင့် မူလ ကိုယ်ခံအားချို့ယွင်းသူများတွင် အဆိုပါရောဂါပိုး ကူးစက်ခံရပါက ပိုမိုပြင်းထန်သော လက္ခဏာများ ဖြစ်နိုင်ခြေရှိပြီး အချို့ရောဂါပြင်းထန်သူများတွင် မျောက်ကျောက်ရောဂါဖြင့် သေဆုံးနိုင်ကြောင်း သိရသည်။

ဥရောပသည် လက်ရှိတွင် ကမ္ဘာလုံးဆိုင်ရာ ရောဂါကူးစက်မှု၏ ဗဟိုချက်အဖြစ်ရှိနေပြီး ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း အတည်ပြုထားသော ကူးစက်ခံရသူ၏ ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။ ထိုရောဂါကူးစက်ခံရသူ အများဆုံးဖြစ်နေသော သုံးနိုင်ငံမှာ ဗြိတိန်၊ စပိန်နှင့် ပေါ်တူဂီတို့ဖြစ်ကြသည်။ မျောက်ကျောက်ရောဂါသည် ဗြိတိန်နိုင်ငံ၌ လူငယ်လူရွယ်အများစုအကြားတွင် ကူးစက်နေကြောင်း လန်ဒန်မြို့တော်မှ ကူးစက်ရောဂါဗေဒဆိုင်ရာ ကျွမ်းကျင်သူများက ဆိုပါသည်။

**တိရစ္ဆာန်များကြောင့် ကူးစက်ရောဂါဖြစ်ပွားမှု အာဖရိက၌ မြင့်တက်လာ**

အာဖရိက၌ ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အကြား တိရစ္ဆာန်များမှတစ်ဆင့် လူသားများထံ ကူးပြောင်းလာသော ကူးစက်ရောဂါများဖြစ်ပွားမှု ကြိမ်ရေသည် ပြီးခဲ့သော ဆယ်စုနှစ်ကထက် ၆၃ ရာခိုင်နှုန်း ပိုမြင့်မားလာခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဇူလိုင်လ ၁၄ ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။ ယင်းကဲ့သို့ အာဖရိကတိုက်၌ တိရစ္ဆာန်များမှတစ်ဆင့် လူသားများထံ ကူးပြောင်းလာသော ကူးစက်ရောဂါများ ဖြစ်ပွားမှုကြိမ်ရေ မြင့်တက်လာမှုသည် အနာဂတ်ကာလ၌ ကမ္ဘာကြီးအနေဖြင့် မျောက်ကျောက်ဗိုင်းရပ်စ်ရောဂါ၊ အီဘိုလာဗိုင်းရပ်စ်ရောဂါနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကဲ့သို့ ဗိုင်းရပ်စ်ကူးစက်ရောဂါများနှင့် ရင်ဆိုင်ရနိုင်ခြေမြင့်တက်လာမှု၏ ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း WHO မှ ကျွမ်းကျင်သူများက သတိပေးထားသည်။ ကူးစက်ရောဂါကြီးများအဖြစ် မပြောင်းလဲမီ တိရစ္ဆာန်များမှတစ်ဆင့် လူသားများထံသို့ ကူးစက်နိုင်သော ဗိုင်းရပ်စ်ကူးစက်ရောဂါများကို ထိန်းချုပ်နိုင်ရန်၊ ကူးစက်ရောဂါများ၏ ဗဟိုချက် အာဖရိကဖြစ်လာမည့်အရေးကို တားဆီးရန် လိုအပ်နေပြီဖြစ်ကြောင်း WHO က သုံးသပ်ထားပါသည်။

**WHO ထုတ်ပြန်ချက်**

မျောက်ကျောက်ရောဂါကူးစက်မှုသည် ယခုနှစ် ဇွန်လကုန်ပိုင်းနှင့် ဇူလိုင်လဆန်းပိုင်းအကြားတွင် ၇၇ ရာခိုင်နှုန်း မြင့်တက်လာပါသည်။ ဇူလိုင်လ စတုတ္ထပတ်အထိ နိုင်ငံနှင့် ဒေသပေါင်း ၇၅ ခုတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၆၀၀၀ ကျော်ရှိနေပြီး သေဆုံးသူ ငါးဦး တွေ့ရသည်။ ထို့ကြောင့် ကမ္ဘာတစ်လွှားဖြစ်ပွားနေသော အခြေအနေကို ကြည့်ပြီး "မျောက်ကျောက်ရောဂါဟာ ယခင်က ဖြစ်ပွားလေ့မရှိသော နိုင်ငံ (Non-endimic Countries) တွေမှာပါ ရောဂါပျံ့နှံ့လာပါတယ်၊ မျောက်ကျောက်ကူးစက်ရောဂါ ပြင်းထန်မှုအတိုင်းအဆနဲ့ပတ်သက်ပြီး WHO ကျွမ်းကျင်သူများ အရေးပေါ်ကော်မတီအနေဖြင့်ဘုံသဘောတူညီချက် မရယူနိုင်ခဲ့သော်လည်း ဒါဟာ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရ အရေးပေါ်အခြေအနေ ဖြစ်တယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်ပါတယ်"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Tedros A Ghebreyesus က ဇူလိုင်လ ၂၃ ရက် (စနေနေ့)တွင် သတင်းမီဒီယာများကိုပြောကြားသည်။ ဆက်လက်၍ ၎င်းက ယခုလို နိုင်ငံတကာအတွက် စိုးရိမ်ရသော အများပြည်သူအရေးပေါ် ကျန်းမာရေးအခြေအနေကို နိုင်ငံအားလုံးက ပူးပေါင်းဆောင်ရွက်ပြီး ဝိုင်းဝန်းတုံ့ပြန် ဆောင်ရွက်ကြရန်အတွက် သတိပေးလိုက်ခြင်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် ကုသမှုများ၊ ကာကွယ်ဆေး ဝေမျှပေးကြစေလိုကြောင်းနှင့် ရန်ပုံငွေကိုလည်း ထည့်ဝင်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

**သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ**

ရောဂါလက္ခဏာများမှာ ရေကျောက်ရောဂါနှင့် ခပ်ဆင်ဆင်တူသည်။ အပြင်ပန်းအားဖြင့် ကြည့်လျှင် ရေကျောက်နှင့် မျောက်ကျောက်ရောဂါတို့သည် အရည်ကြည်ဖုပေါက်ခြင်းက တူသယောင်ထင်ရသော်လည်း ရေကျောက်ဖုများသည် ပေါက်သည်က ပေါက်၊ ပျောက်သည်က ပျောက်၊ ညှိုးသည်က ညှိုး အမျိုးမျိုးရှိကြသည်။ သို့သော် မျောက်ကျောက် အရည်ကြည်ဖုများက မိတ္တူကူးထားသကဲ့သို့ တစ်လုံးနှင့်တစ်လုံး ဘယ်အချိန်ကြည့်ကြည့် အရွယ်တူ၊ ပုံစံတူများသာဖြစ်သည်။ ထို့ပြင် ဖျားခြင်း၊ ကိုက်ခဲခြင်းတို့ကို ရေကျောက်နှင့် မျောက်ကျောက်တို့တွင် ဖြစ်ပေါ်ခံစားနိုင်သော်လည်း မျောက်ကျောက်ရောဂါ၏ ထူးခြားချက်က ပေါင်ခြံ၊ ချိုင်း၊ လည်ပင်း စသည့်နေရာများတွင် အကျိတ်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

Monkeypox ရောဂါလက္ခဏာများအနေဖြင့် ဖျားနာခြင်း ၆၂ ရာခိုင်နှုန်း၊ ပြန်ရည်ကျိတ်ရောင်ရမ်းခြင်း ၅၂ ရာခိုင်နှုန်း၊ ပင်ပန်းနွမ်းနယ်ခြင်း ၄၂ ရာခိုင်နှုန်း၊ ကြွက်သားများနာကျင်ခြင်း ၃၁ ရာခိုင်နှုန်း၊ ခေါင်းကိုက်ခြင်း ၂၇ ရာခိုင်နှုန်း၊ လည်ချောင်းနာခြင်း ၂၁ ရာခိုင်နှုန်း ဖြစ်ပေါ်ခံစားရတတ်ကြောင်း သိရပါသည်။ စအိုနှင့် စအိုဝရောင်ရမ်းမှုကိုလည်း ပျမ်းမျှလူနာ ၇၅ ဦးလျှင် ၁၄ ဦးခန့် တွေ့ရကြောင်း လေ့လာသိရှိရပါသည်။ ရောဂါပျိုးရက်သည် ရောဂါပိုး စတင်ဝင်ရောက်ပြီး ပျမ်းမျှ ငါးရက်မှ ၂၁ ရက်အတွင်း အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ခံစားရနိုင်ပါသည်။

အထူးသဖြင့် ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ လွန်ခဲ့သည့် ၂၁ ရက်အတွင်း ပြန်လည်ဝင်ရောက်လာသူများတွင် တွေ့ရသော ရောဂါလက္ခဏာများမှာ (က) လတ်တလော ဖျားနာခြင်း (ခ) ချမ်းတုန်ခြင်း၊ (ဂ) အကျိတ်ထွက်ခြင်း၊ အကျိတ်များ ရောင်ရမ်းခြင်း၊ ပြန်ရည်ကျိတ်များကြီးခြင်း၊ (ဃ) ခေါင်းကိုက်ခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ ကျောအောင့်ခြင်း၊ (င) ခါးကိုက်ခြင်း၊ ခါးနာခြင်း၊ (စ) မောပန်းနွမ်းနယ်ခြင်း၊ နုံးခြင်းတို့ဖြစ်ကြသည်။

ဖျားပြီးနောက် ၁ - ၅ ရက်ခန့်အကြာတွင် ခန္ဓာကိုယ်၌ အနီစက် သို့မဟုတ် အနီပြင်များ ဖြစ်ပေါ်ခြင်း၊ အရည်ဖုများ၊ ပြည်ဖုများ စသည်ဖြင့် အဆင့်ဆင့် ဖြစ်ပေါ်ပြီးနောက် အနာများဖြစ်ပေါ်ကာ နောက်ဆုံးတွင် အနာများပျောက်ကင်းသွားပြီး အနာရွတ်အနေဖြင့် ကျန်ခဲ့နိုင်ပါသည်။ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (CDC)၏ အဆိုအရ လူအများစုသည် Monkeypox ကူးစက်ခံရပြီးနောက် ရက်သတ္တ နှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။ ထို့ပြင် မျောက်ကျောက်ကူးစက်ရောဂါလက္ခဏာများကို လိင်မှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါ (STDs) များ၏ ရောဂါလက္ခဏာများနှင့် မှားယွင်းတတ်ရာ Monkeypox ရောဂါကို စစ်ဆေးဖော်ထုတ်ရန် တစ်ခါတစ်ရံ အလွန်ခက်ခဲကြောင်း CDC က ဆိုပါသည်။ ကူးစက်ခံရသူအများစုမှာ ရောဂါလက္ခဏာ မပြင်းထန်တတ်သော်လည်း ကိုယ်ခံအားနည်းသူများတွင် ရောဂါပြင်းပြင်းထန်ထန် ခံစားရနိုင်ပါသည်။ လတ်တလော ဖြစ်ပွားနေသော နိုင်ငံတချို့ကို လေ့လာကြည့်ရာ၌ ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ ၃-၆ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

မျောက်ကျောက်ရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး ဗိုင်းရပ်စ်၏ သဘာဝအတိုင်း ကူးစက်မှုမြန်ဆန်ပါသည်။ (က) Monkeypox ဗိုင်းရပ်စ် ရောဂါပိုးကူးစက်ခံထားရသည့် တောရိုင်းတိရစ္ဆာန်များ သို့မဟုတ် လူအချင်းချင်း ခန္ဓာကိုယ်အရေပြားချင်း ထိတွေ့မှု၊ (ခ) ခန္ဓာကိုယ်မှ ထွက်ရှိသော အရည် (တံတွေး၊ နှာရည်၊ သွေး၊ ချွေး၊ ဆီးနှင့် လိင်အင်္ဂါမှ ထွက်သောအရည်)၊ (ဂ) လူ၏အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှ ကူးစက်ခြင်း၊ (ဃ) ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အချိန်အတော်ကြာ ထိတွေ့မိခြင်းနှင့် (င) ရောဂါပိုးများကပ်တင်ကျန်နေသည့် အသုံးအဆောင် ပစ္စည်းများကို လက်ဖြင့် ကိုင်တွယ်မိရာမှတစ်ဆင့် ကူးစက်ခြင်းတို့ဖြစ်ပါသည်။

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

မျောက်ကျောက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းမှုက အထူးအရေးကြီးပါသည်။ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နေထိုင်တတ်သူများအတွက် မျောက်ကျောက်ရောဂါကို ကာကွယ်ရန် မခဲယဉ်းလှပေ။

**စာမျက်နှာ ၁၁သို့** ■

**"ရောဂါလက္ခဏာများမှာ ရေကျောက်ရောဂါနှင့် ခပ်ဆင်ဆင်တူသည်။ အပြင်ပန်းအားဖြင့်ကြည့်လျှင် ရေကျောက်နှင့် မျောက်ကျောက်ရောဂါတို့သည် အရည်ကြည်ဖုပေါက်ခြင်းက တူသယောင်ထင်ရသော်လည်း ရေကျောက်ဖုများသည် ပေါက်သည်ကပေါက်၊ ပျောက်သည်ကပျောက်၊ ညှိုးသည်ကညှိုး အမျိုးမျိုးရှိကြသည်။ သို့သော် မျောက်ကျောက် အရည်ကြည်ဖုများက မိတ္တူကူးထားသကဲ့သို့ တစ်လုံးနှင့်တစ်လုံး ဘယ်အချိန်ကြည့်ကြည့် အရွယ်တူ၊ ပုံစံတူများသာ ဖြစ်သည်။ ထို့ပြင် ဖျားခြင်း၊ ကိုက်ခဲခြင်းတို့ကို ရေကျောက်နှင့် မျောက်ကျောက်တို့တွင် ဖြစ်ပေါ်ခံစားနိုင်သော်လည်း မျောက်ကျောက်ရောဂါ၏ ထူးခြားချက်က ပေါင်ခြံ၊ ချိုင်း၊ လည်ပင်း စသည့်နေရာများတွင် အကျိတ်များ ထွက်ပေါ်လာခြင်းဖြစ်"**

# အထည်ချုပ်စက်ရုံများတည်ရှိရာ လှိုင်သာယာနှင့်ရွှေပြည်သာ၌ စက်ရုံလုပ်သားများ အေးချမ်းစွာလုပ်ငန်းခွင်ဝင်ရောက်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထည်ချုပ်စက်ရုံအများဆုံးတည်ရှိရာ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့၌ စက်ရုံအလုပ်သမားများလည်း အေးချမ်းစွာလုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း လှိုင်သာယာမြို့နယ်ရှိ စက်မှုဇုန်များနှင့်အခြားသောမြို့နယ်တို့ရှိ စက်မှုဇုန်အချို့တွင် စစ်ကိုင်းတိုင်းဒေသကြီးမှတ်ပုံတင်ကိုင်ဆောင်ထားသော စက်ရုံလုပ်သားများကို အလုပ်မှ ထုတ်ပြစ်ခြင်းနှင့် တစ်လအနားပေးခြင်း ကောလာဟလများ လူမှုကွန်ရက်နှင့် အလုပ်သမားအချို့ပြောကြားမှုထွက်ပေါ်ခဲ့ရာ ပြည်တွင်းစက်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေချောမွေ့မှုကို မလိုလားသူအချို့လှုံ့ဆော်မှုကြောင့် စက်မှုဇုန်များရှိအလုပ်သမားများ စိုးရိမ်ပူပန်မှုရှိခဲ့ခြင်းဖြစ်သည်။

“လူမှုကွန်ရက်စာမျက်နှာပေါ်မှာတော့ တွေ့လိုက်မိတယ်။ အပြင်မှာတကယ်တော့မရှိပါဘူး။ ယနေ့ထိလည်း တကယ့်မြေပြင်မှာမကြားမိသေးဘူး။ ကျွန်တော်တို့စက်မှုဇုန်ကော်မတီကို တင်ပြတာလည်းမရှိဘူး။ အားလုံးအေးချမ်းပါတယ်။ လျှပ်စစ်မီးတစ်နေ့ဂနာရီပဲရလို့ အလတ်စားနဲ့အသေးစားစက်ရုံ ၂၀ ကျော် တောင့်မခံနိုင်လို့ ရပ်နားတာပဲရှိတယ်။ အကြီးစားလုပ်ငန်းနဲ့ အထည်ချုပ်စက်ရုံကြီးတွေ ကောင်းမွန်စွာလည်ပတ်ပြီး အလုပ်သမားတွေလည်း ပုံမှန်ဆင်းနေပါတယ်”ဟု ရွှေပြည်သာနှင့် ဝါးတစ်ရာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမျိုးသိန်းကပြောသည်။

ရွှေပြည်သာစက်မှုဇုန်(၁)၌ စက်ရုံပေါင်း ၂၀၀ ခန့်တွင် လုပ်သား ၅၀၀၀၀ ခန့်၊ ဝါးတစ်ရာစက်မှုဇုန်၌ စက်ရုံ ၇၀ ခန့်တွင် အလုပ်သမား ၂၀၀၀၀ ခန့်ဖြင့် လုပ်ငန်းခွင်လည်ပတ်လျက်ရှိသည်။

“ကျွန်တော်တို့လှိုင်သာယာရွှေလင်ပန်းစက်မှုဇုန်မှာ စက်ရုံနဲ့လုပ်သားတွေ အေးအေးချမ်းချမ်းပါပဲ။ မှတ်ပုံတင်ကိစ္စနဲ့ပတ်သက်ပြီး စက်ရုံပိတ်တာ၊ အလုပ်သမားထုတ်ပယ်တာ မကြားမိပါဘူး။ အထည်ချုပ်လုပ်သားများတဲ့အတွက် အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်နားလည်မှုနဲ့ လုပ်ငန်းခွင်လည်ပတ်နေကြပါတယ်။ အလုပ်သမားတွေ ပုံမှန်အလုပ်ဝင်ရောက်နေတာဖြစ်တဲ့အတွက် ကောလာဟလသတင်းလွှင့်တယ်လို့ မြင်မိပါတယ်”ဟု ရွှေလင်ပန်းစက်မှုဇုန်ကော်မတီရုံးမှ ရုံးအဖွဲ့မှူး ဦးအောင်ငွေက ပြောသည်။

ရွှေလင်ပန်းစက်မှုဇုန်တွင် စက်ရုံပေါင်း ၄၂၀ခန့်



လည်ပတ်လျက်ရှိပြီး ထိုစက်ရုံများ၌ အထည်ချုပ်စက်ရုံ ၅၉ ရုံပါဝင်၍ အလုပ်သမား ၈၀၀၀၀ ခန့် လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကာ ၂၀၂၂ ခုနှစ်တွင် ဩဂုတ်လအထိ အထည်ချုပ်စက်ရုံအသစ် ၁၅ ရုံ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန်ပေါင်း ၂၉ ဇုန်ရှိပြီး လှိုင်သာယာမြို့နယ်၌ ဇုန်(၁)မှ(၇)အထိ စက်မှုဇုန်များအပြင် ရွှေလင်ပန်းစက်မှုဇုန်၊ ရွှေသံလွင်စက်မှုဇုန်၊ အနော်ရထာစက်မှုဇုန်၊ မြစိမ်းရောင်စက်မှုဇုန်နှင့် မွေးမြူရေးဇုန်တို့ရှိသည်။ ထိုဇုန်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၌ စက်ရုံလုပ်သားများ အေးချမ်းစွာ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကာ စက်ရုံများလည်ပတ်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ၊ ဓာတ်ပုံ - ကနူး**




# မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ကျောက်ပန်းတောင်းမြို့နယ်၌ စားအုန်းဆီများကို တစ်ပိဿာ ကျပ် ၄၂၀၀ ဖြင့် လှည့်လည်ရောင်းချ

ကျောက်ပန်းတောင်း ဩဂုတ် ၄

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (ကျောက်ပန်းတောင်းမြို့နယ်)၏ အစီအစဉ်ဖြင့် စားအုန်းဆီများကို ရည်ညွှန်းဈေး ကျပ် ၄၂၀၀ ဖြင့် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ပုပ္ပားကျေးရွာမူလတန်းကျောင်းဝင်းတွင် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပုပ္ပားကျေးရွာရှိ စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်စေရန်အတွက် စားအုန်းဆီများကို မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်ကြီးများအသင်း၏ အစီအစဉ်ဖြင့် ကျောက်ပန်းတောင်းမြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းဇော်ဦးကိုယ်တိုင် ဦးဆောင်၍ ရောင်းချပေးနေခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံဒေါ်မြသန္တာထွန်းနှင့်တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်၍ လိုအပ်သည်များကို သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး/ရပ်မိရပ်ဖများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ ရည်ညွှန်းဈေး ကျပ် ၄၂၀၀ဖြင့်စားအုန်းဆီရောင်းချပေးရာတွင် တစ်အိမ်ထောင်လျှင် ဆီတစ်ပိဿာနှုန်း ရောင်းချပေးခြင်းဖြစ်ပြီး ပုပ္ပားကျေးရွာပြည်သူများအတွက် စုစုပေါင်း ဆီပိဿာ ၄၄၀ ရောင်းချပြီး တောင်ကလပ်ကျေးရွာနေ ပြည်သူများအတွက် ဆီပိဿာ ၂၂၀ ရောင်းချသွားရန် စီစဉ်ထားကြောင်းနှင့် လာမည့်သီတင်းပတ်များ တွင်လည်း ကျောက်ပန်းတောင်း မြို့ပေါ်ရှိ ရပ်ကွက်များတွင် လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းဇော်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

■ စာမျက်နှာ ၁၀ မှ

(က) Monkeypox (မျောက်ကျောက်ရောဂါ) လက္ခဏာ ခံစားနေရသူများနှင့် အနီးကပ်ထိတွေ့ခြင်းကို ရှောင်ကြဉ်ပါ။ (ခ) လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ။ (ဂ) ပါးစပ်နှင့် နှာခေါင်းစည်း(Mask) ကို စနစ်တကျတပ်ဆင်ပါ။ (ဃ) တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေပါ။ (င) နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ။ (စ) အသားစိမ်းများကို ကျက်အောင်ချက်စားပါ။ (ဆ) တောရိုင်းတိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်။ (ဇ) လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်း မပြုပါနှင့်။ (ဈ) အများသုံးသန့်စင်ခန်း၊ တံခါးလက်ကိုင်၊ လှေကားအတက်အဆင်း လက်ရန်းများ၊ ဘတ်စ်ကားထိုင်ခုံ စသည့်ထိတွေ့မှုများကို အထူးဂရုစိုက်သင့်ပြီး အိမ်ပြန်ရောက်ရောက်ချင်း ရေချိုးသန့်စင်ပါ။ (ည) တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွန်စေရန် ဆောင်ရွက်ပါ။

မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ နိုင်ငံအများစု၌ ကျန်းမာရေးဝန်ထမ်းများအား ရောဂါပိုးရှိသူနှင့် မထိတွေ့ခင် သို့မဟုတ် ထိတွေ့ပြီးနောက် ကျောက်ကြီးရောဂါကာကွယ်ဆေး (Small Pox) ကို ထိုးနှံထားကြရန် အကြံပြုတိုက်တွန်းထားပါသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု အပါအဝင် တိုးတက်ဖွံ့ဖြိုးပြီးသော အနောက်နိုင်ငံတချို့၌ ကာကွယ်ဆေးကို အများပြည်သူတို့တွင်လည်း ထိုးနှံနေကြကြောင်း လေ့လာသိရပါသည်။

နိဂုံးချုပ်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရ အရေးပေါ်အခြေအနေအဖြစ် WHO က ကြေညာထားသော မျောက်ကျောက်ရောဂါကို ယခုအခါ မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသော ထိုင်း၊ အိန္ဒိယ၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့တွင်လည်း ကူးစက်နေကြပြီ ဖြစ်သည်။ ထူးခြားချက်အနေဖြင့် အနီးကပ်ဆုံး ထိုင်းနိုင်ငံတွင် မျောက်ကျောက်ရောဂါ ကူးစက်မှုကို ခရီးသွား နိုင်ဂျီးရီးယားနိုင်ငံသားတစ်ယောက်တွင် တွေ့ရကာ ယခုအခါ ထိုညွှန့်သည်သည် ဆေးကုမခံဘဲ ပျောက်နေကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင်လ ၂၂ ရက်နေ့က သတင်းထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံအတွင်း Monkeypox ဖြစ်ပေါ်မှု မတွေ့ရသေးသော်လည်း ပြည်တော်ပြန်များအနေဖြင့်သော်လည်းကောင်း၊ အကယ်၍ မြန်မာပြည်အတွင်း ယင်းရောဂါပေါ်ပေါက်လာသော အချိန်တွင်လည်းကောင်း မျောက်ကျောက်ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း သို့မဟုတ် ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့၍ ကုသမှုခံယူကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၃၀၄ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၁) နာရီမှ (၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၅၉,၆၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၁၅၈) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၉၄၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်းရောက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၄၀) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၁) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၈၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၃၄၁) ခု | (၇)ဦး |
| စုစုပေါင်း | (၆,၃၀၄) ခု | (၁၂)ဦး |

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၅၉၃၂၁၄ | ၈၈၅၆၈၁၄၃ | ၁၀၅၇၂၃၉ |
| ၂။ | အိန္ဒိယ | ၄၄၀၈၇၀၃၇ | ၄၃၄၂၄၀၂၉ | ၅၂၆၅၃၀ |
| ၃။ | ပြင်သစ် | ၃၃၉၆၀၁၃၁ | ၃၂၆၄၃၅၀၄ | ၁၅၂၃၇၀ |
| ၄။ | ဘရာဇီး | ၃၃၉၂၇၃၂၈ | ၃၂၅၈၆၀၉၄ | ၆၇၉၃၃၆ |
| ၅။ | ဂျာမနီ | ၃၁၁၁၉၁၉၉ | ၂၉၃၆၅၅၀၀ | ၁၄၄၅၅၂ |
| ၆။ | ဗြိတိန် | ၂၃၃၆၈၈၉၉ | ၂၂၇၈၃၀၉၂ | ၁၈၅၀၅၂ |
| ၇။ | အီတလီ | ၂၁၁၇၀၆၀၀ | ၁၉၇၉၆၅၈၉ | ၁၇၂၅၆၈ |
| ၈။ | တောင်ကိုရီးယား | ၂၀၁၆၀၁၅၄ | ၁၈၇၃၆၆၄၇ | ၂၅၁၄၄ |
| ၉။ | ရုရှား | ၁၈၆၅၃၈၆၇ | ၁၈၀၁၀၀၆၆ | ၃၈၂၆၀၄ |
| ၁၀။ | တူကီယဲ | ၁၅၈၈၉၄၉၅ | ၁၅၄၈၇၄၆၈ | ၉၉၃၄၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၈၅၁၂၂ | ၉၉၄၀၄၆၂ | ၄၃၀၉၄ |
| ၂။ | အင်ဒိုနီးရှား | ၆၂၂၉၃၁၅ | ၆၀၂၁၅၄၉ | ၁၅၇၀၆၀ |
| ၃။ | မလေးရှား | ၄၆၉၂၈၀၀ | ၄၆၁၀၂၈၂ | ၃၅၉၉၅ |
| ၄။ | ထိုင်း | ၄၅၉၈၇၂၅ | ၄၅၄၅၈၅၆ | ၃၁၄၉၅ |
| ၅။ | ဖိလစ်ပိုင် | ၃၇၉၀၃၀၉ | ၃၆၉၅၃၂၃ | ၆၀၇၇၃ |
| ၆။ | စင်ကာပူ | ၁၇၃၆၂၂၆ | ၁၆၄၀၂၆၀ | ၁၅၂၈ |
| ၇။ | မြန်မာ | ၆၁၄၁၅၈ | ၅၉၂၉၄၃ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၅၃၇ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၁၁၁၃၂ | ၂၀၅၇၇၃ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၉၃၇ | ၁၃၃၆၂၇ | ၃၀၅၆ |

## ပန်းတောင်းမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပန်းတောင်း သြဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ သြဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က ပန်းတောင်းမြို့နယ် ရပ်သာကျေးရွာအုပ်စု ရပ်သာတံတားတွင် ကျေးရွာများ ကမ်းပြိုတိုက်စားမှုမှ ကာကွယ်ရန်အတွက် ဘူးရိုးချောင်းဖြောင့်မည့်နေရာအား ကြည့်ရှုစစ်ဆေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် သက်ဆိုင်ရာဌာနများက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥသျှစ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ်ပြီးစီးမှုအား စစ်ဆေးပြီး လဲကျေးရွာအုပ်စုတွင် ဆောင်ရွက်နေသော ဘူးရိုးချောင်းဖြောင့် လုပ်ငန်းဖြစ်သည့် ကျောက်စီရေကာတာများ၊ ချောင်းနံရံ ကျောက်စီခြင်းလုပ်ငန်းများ ပြီးစီးမှုအားကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် သရက်လိန်ကျေးရွာအုပ်စု ကသည်းကုန်းကျေးရွာ အခြေခံမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## ကျောက်တော်မြို့ ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ကျောက်တော် သြဂုတ် ၄

ရခိုင်ပြည်နယ် ကျောက်တော်မြို့ ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် အသင်းသားများ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အသင်းမှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာ ဂုဏ်ထူးများနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၄၃ ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅ ဒသမ ၂ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၈၉၀ ရှိ

**အော့တဝါ ဩဂုတ် ၄**

ကနေဒါနိုင်ငံ၌ လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၈၉၀ ရှိပြီဖြစ်ကြောင်း ကနေဒါပြည်သူ့ကျန်းမာရေးအေဂျင်စီက ယနေ့အတည်ပြုပြောကြားသည်။

အဆိုပါရောဂါကူးစက်ခံရသူများအနက် အွန်တာရီယိုပြည်နယ်မှ ၄၂၃ ဦး၊ ကွီဘက်စ်ပြည်နယ်မှ ၃၇၃ ဦး၊ ဗြိတိသျှကိုလံဘီယာပြည်နယ်မှ ၇၈ ဦး၊ အယ်ဘာတာပြည်နယ်မှ ၁၃ ဦး၊ ဆာစကတ်ချဝန်ပြည်နယ်မှနှစ်ဦးနှင့် ယူကွန်ပြည်နယ်မှတစ်ဦး တွေ့ရှိရသည်။


နိုင်ငံအတွင်း မျောက်ကျောက်ရောဂါကူးစက်မှုဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုများကို ထိရောက်စွာဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မျောက်ကျောက်ရောဂါကာကွယ်ဆေး Imvamune အလုံးရေ ၇၀၀၀၀ ကျော်အား ပြည်နယ်များသို့ ဖြန့်ချိပေးပြီးဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါကို ကမ္ဘာလုံးဆိုင်ရာအရေးပေါ်ကျန်းမာရေးအခြေအနေတစ်ရပ်အဖြစ် ကြေညာထားပြီးဖြစ်သည်။

အဆိုပါရောဂါသည် ရောဂါရှိသူနှင့် ထိတွေ့ခြင်းတို့မှတစ်ဆင့် လူသားအချင်းချင်း ရောဂါကူးစက်ပျံ့နှံ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**






# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၀၈၇၀၃၇ ဦး ရှိလာ

**နယူးဒေလီ ဩဂုတ် ၄**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၈၉၃ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၄၄၀၈၇၀၃၇ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၅၂၆၅၃၀ ရှိလာကြောင်းနှင့် ရောဂါမှ ပြန်လည်သက်သာလာသူ ၄၃၄၂၄၀၂၉ ဦး ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးနှစ်ဘီလီယံကျော် ထိုးနှံပေးခဲ့ပြီး ၈၇၆ သန်းကို ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ဒေသများတွင် ယခုအချိန်၌ အိုမီခရွန်မျိုးစိတ်သစ်များပြန့်ပွားနေသဖြင့် ဒေသများရှိ တာဝန်ရှိသူများက ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြပြီး ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်–၁၉ ရောဂါ ပြန့်ပွားမှုများကိုလည်း လေ့လာနေကြသည်။

နိုင်ငံအတွင်းနေ့စဉ် ကိုဗစ်–၁၉ ကူးစက်မှုသည် ၄ဒသမ ၉၄ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဒေသများတွင်လည်း ဒေသခံများအား လူအများအပြားရှိသည့် နေရာများတွင် နှာခေါင်းစည်း ဝတ်ဆင်ရေးနှင့် ကိုဗစ် – ၁၉ ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ ဆောင်ရွက်ရေး တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂျပန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ နှစ်သိန်းကျော် ထပ်မံတွေ့ရှိ

**တိုကျို ဩဂုတ် ၄**

လွန်ခဲ့သော ၂၄ နာရီအတွင်း ဂျပန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၃၈၇၃၅ ဦး ထပ်မံတွေ့ရှိရပြီး ၁၅၇ ဦး ထပ်မံသေဆုံးကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ နေ့စဉ်ရောဂါကူးစက်မှု အရေအတွက်သည် သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။

**ရောဂါပြင်းထန်**

ရောဂါကူးစက်ခံရသူများအနက် ၅၁၆ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ရောဂါကူးစက်ခံရသူ ၃၅၃၃၉ ဦးနှင့် သေဆုံးသူ ၁၅ ဦးသည် တိုကျိုမြို့တော်မှ ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှု မြင့်တက်လာခြင်းကြောင့် ကျန်းမာရေးဝန်ထမ်း ပြတ်လပ်မှုများနှင့်လည်း ရင်ဆိုင်နေရသည်။ ထို့ပြင် ဆေးရုံများ၊ ပို့ဆောင်ရေးစသည့် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းများသည်လည်း လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် ရုန်းကန်နေရသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ကမ္ဘာတစ်ဝန်း၌ ရောဂါကူးစက်ခံရသူ အရေအတွက် အများဆုံးတွေ့ရှိရသည့်နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အတွင်း ကမ္ဘာတစ်ဝန်း၌ ရောဂါကူးစက်ခံရသူပေါင်း ၆၅၆၅၆၇၉ ဦး တွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ဂျပန်နိုင်ငံ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၃၇၉၀၉၉ ဦး တွေ့ရှိခဲ့ပြီး အဆိုပါအရေအတွက်သည် ကမ္ဘာတစ်ဝန်း ရောဂါတွေ့ရှိမှု၏ ၂၀ ရာခိုင်နှုန်းဖြစ်သည်။

အလားတူ အမေရိကန်နိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၉၂၃၃၆၆ ဦးတွေ့ရှိရပြီး ရောဂါကူးစက်မှု ဒုတိယအများဆုံး နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၅၆၄၄၃၇ ဦးတွေ့ရှိရပြီး တတိယအများဆုံးနိုင်ငံဖြစ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ဖိလစ်ပိုင်နိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၄၄၃၉ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဩဂုတ် ၄**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၄၄၃၉ ဦးထပ်မံတွေ့ရှိရသည့် ရောဂါကူးစက်ခံရသူအရေအတွက် ၃၇၉၀၃၀၉ ဦးရှိကြောင်း သိရသည်။

အဆိုပါရောဂါကူးစက်ခံရသူ အရေအတွက်သည် ဖေဖော်ဝါရီ ၁၀ ရက်မှစပြီး အများဆုံးဖြစ်ကြောင်းနှင့် ပိုးတွေ့ဆဲလူနာ ၃၄၂၁၃ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၀၇၇၃ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီလ ၁၅ ရက်တွင် တွေ့ရှိခဲ့သည့် ရောဂါကူးစက်ခံရသူအရေအတွက် ၃၉၀၀၄ ဦး သည် နေ့စဉ်ကူးစက်မှုအရေအတွက်တွင် အများဆုံးဖြစ်သည်။

လက်ရှိအချိန်အထိ ပြည်သူ သန်း ၁၁၀ ရှိသည့်အနက် ၇၁ ဒသမ ၄ သန်းကျော်အား ကာကွယ်ဆေးအကြိမ်ရေအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွား

**တိုကျို ဩဂုတ် ၄**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ယာမာဂါတာနှင့် နီဂါတာခရိုင်ရှိ ဒေသခံများအား ပြောင်းရွှေ့နေထိုင်ရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ယာမာဂါတာခရိုင်အတွင်းရှိ စီရင်စု ခြောက်ခုတွင် သဘာဝဘေးဆိုင်ရာ သတိပေးချက်အဆင့် (၅) သတ်မှတ်ချက် ထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် အဆင့်သတ်မှတ်ချက် ပြန်လည်လျှော့ချခဲ့ကြောင်း သိရသည်။

သို့ရာတွင် နီဂါတာခရိုင်အတွင်း ထုတ်ပြန်ထားသည့် အရေးပေါ်သတိပေးချက်ကို မူလအတိုင်းထုတ်ပြန်ထားရှိကြောင်း သိရသည်။

ယာမာဂါတာခရိုင်အတွင်းရှိ ဒေသခံ ၃၀၀၀၀ အား မိမိတို့၏နေအိမ်များမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရန် ဂျပန်မီးသတ်နှင့် သဘာဝဘေးကာကွယ်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

ယာမာဂါတာနှင့် နီဂါတာခရိုင်များအတွင်းရှိ နေအိမ်များနှင့် လမ်းများမှာ ရေလွှမ်းမိုးခံခဲ့ရပြီး ကားများမှာလည်း ရေထဲတွင် နစ်မြုပ်ကာ အချို့မြို့များမှာ သောက်သုံးရေ ပြတ်တောက်ခြင်းများ ဖြစ်ခဲ့ကြောင်း သိရသည်။

ယာမာဂါတာခရိုင်တွင် ယခုဖြစ်စဉ်အတွင်း တံတားပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ နိုင်ငံအလယ်ပိုင်းရှိ အီရှီကာဝါနှင့် ဖူကူစီရင်စုများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အီရှီကာဝါဒေသအတွင်းရှိ မြို့လေးမြို့တွင် မြေပြိုမှုများ ဖြစ်လာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# သံဖြူဇရပ်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပငကျေးရွာအုပ်စု ပငကျေးရွာရှိ စစ်ဆေးရေး ဂိတ်တွင် ဩဂုတ် ၂ ရက်တွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မညွ မောင်းနှင်ပြီး မစိန် လိုက်ပါလာသည့် Honda Fit ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ် နောက်ခန်း ထိုင်ခုံအောက်ရှိ ကော်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀ သိမ်းဆည်း ရမိခဲ့ပြီး စစ်ဆေးချက်အရ သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာရှိ မညွ၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းစာရွက်အစို ၂၀ ဒသမ ၄၁၂၅ ကီလို၊ နေအိမ်ခြံဝင်းအတွင်း ရပ်ထားသည့် Toyota Succeed ယာဉ်နှင့် Mitsubishi Pajero ယာဉ်တို့အတွင်းမှ အိုက်စ် သုံးကီလို သိမ်းဆည်းရမိခဲ့သဖြင့် မညွ(၄၇)နှစ်နှင့် မစိန်(၅၆)နှစ် တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



မစိန်နှင့် မညွတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ရဲအောင်(ခ)ဇေရဲနှင့် ဆက်နိုင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၉)ရပ်ကွက် စစ်ကိုင်းလမ်း အမှတ်(၄/ခ)ရှိ မျိုးဝင်းအောင်(ခ)ငမျိုး၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ရဲအောင် (ခ)ဇေရဲနှင့် ဆက်နိုင်တို့နှစ်ဦးကို တွေ့ရှိပြီး ၎င်းတို့ဘေးရှိ ကော်ခြင်း အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၇၀ သိမ်းဆည်းရမိခဲ့သဖြင့် ရဲအောင်(ခ)ဇေရဲ(၃၃)နှစ်၊ ဆက်နိုင်(၃၄) နှစ်နှင့် မျိုးဝင်းအောင်(ခ)ငမျိုး(ဖမ်းမမိ)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ ဓာတုကုန်ကြမ်းပစ္စည်း၊ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် စက်လှေများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့် လုပ်ငန်းသုံး စက်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၇၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းအရေးယူ**

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေး အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့ ကုန်တင်ကုန်ချ ကားကြီးကွင်းအတွင်း၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အိမ်မွေး တိရစ္ဆာန်သုံး ရေချိုးဆပ်ပြာများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၄၀၀၀၀)ကို အကောက်ခွန်လုပ်ထုံး လုပ်နည်းအရ လည်းကောင်း၊ မင်းလှမြို့ တောင်ဘက် ၁၂ မိုင်ခန့်အကွာ သပြေတော ကျေးရွာ အရှေ့ဘက် ရောဝတီမြစ်အတွင်း၌ တရားမဝင် ကျောက်စရစ်စုပ်ယူရာတွင် အသုံးပြုသည့် လိုင်စင်မဲ့ ကျောက်စုပ်မော်တော်ယာဉ် ၁၀ စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၅၀၀၀၀၀)ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေအရ လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၇၄၀၀၀၀) ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ ကွေ့ကြီးရပ်ကွက် လှည်းဆိပ်၌ တရားမဝင် စက်သုံးဆီ ဂါလန် ၁၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀) ကို လည်းကောင်း၊ ကောလင်း-ဝန်းသိုသွားကားလမ်း၌ တရားမဝင် စက်သုံးဆီ ဂါလန် ၁၄၁၅၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၀၁၀၀၀၀) ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၃၈၁၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဩဂုတ် ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတား စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင်ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ဓာတုကုန်ကြမ်းပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များ အတွင်း တရားမဝင် သစ်မျိုးစုံ ၁၀ ဒသမ ၈၀၃၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၂၂၉၇၈ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

အလားတူ ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မောင်တော ခရိုင် မောင်တောမြို့နယ်အတွင်း တရားမဝင် ကညင်ခွဲသား ၂၅ ဒသမ ၀၀၀ တန်( ခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၅၀၀၀၀)ကို သိမ်းဆည်း ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်း မှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၉၂၉၉၇၈ ကျပ်)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ မှ သိရသည်။

**သတင်းစဉ်**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၈-၂၀၂၂ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရွှက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဇူလိုင်လ)(စတုတ္ထပိုင်း)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၄)
- ၁၆:၃၅ လူငယ်ရေးရာအစီအစဉ်
- ၁၇:၁၅ ASEAN Information Exchange Initiative Program 2022(Part-5)
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သုတဝေဖြာသိရှိဖွယ်
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့ အိပ်မက်တန်ဖိုး' (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'ဂန္ထဝင်သံစဉ်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု

### mitv

- 07:02 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
- 07:09 The Ornithologist: Dr. Thein Aung
- 07:42 A Pilgrimage To Prominent Pagodas In Pakokku
- 07:55 Dat Taw Gyaik Waterfall
- 08:01 Myanmar Puppeteers (Ogre Dance)
- 08:08 Myanmar Traditional Instruments (MYANMA OBOE)
- 08:34 A Famous Festival & Its Fantastic Fair
- 08:34 Myanmar Prehistory
- 09:01 News
- 09:26 Global Partnership for Brighter Future: Slovenia Pavilion at Expo 2020 Dubai
- 09:33 Myanmar Paper Toys
- 09:39 Moyingyi Wildlife Sanctuary

### MRTV NRC

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ
- **ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** တောင်ယာတဲဆောက်ခြင်းနှင့်ပေါင်းမြက်ရှင်းလင်းခြင်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** မွန်ရိုးရာကြက်သားမရမ်းပြားချက်
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** လှမ်းခဲ့ပါလေတောင်တိုမြေ
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ထင်းရှူးတန်းကရှိုက်ခံ့ပန်း (ဇာတ်လမ်း)
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ဒေသတစ်လွှာစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ထမင်းဟင်းထုပ်
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ရိုးရာဝါးခမောက်လက်မှုပညာအမွေ
- **ဝကြောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ပိရိုးဗလာသဘာဝ မျှစ်ခြောက်လုပ်နည်း
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** မိတ္တီလာကန်သို့အလည်တစ်ခေါက်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ ကြံ့ဖတ်မှုသည် ကုန်ချောနှစ်မျိုးဆီသို့
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၃၀ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၅၀ တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာယူရိုးယားမြေဩဇာ
- ၀၇:၁၅ တောင်သူအကျိုးမြင့်ဖို့ရာ ရိတ်သိမ်းချိန်လွန်နည်းပညာ
- ၀၈:၀၀ ကျေးလက်ကွန်ရက်
- ၀၈:၃၀ လေ့ကျင့်ခန်းသာအပန်းဖြေဆင်ခန်း
- ၀၉:၂၅ မြန်မာ့မြေမှအလှသချေ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ကြံရေးသမားများအား ဖော်ထုတ်ဖမ်းဆီးရမိ

☆ **ကျောဖုံးမှ**

လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ကြံရေးသမားများဖြစ်သော **ဇေယျာဝင်း**(၂၀)နှစ်၊ **နိုင်အောင်ထွန်း(ခ)ဒဿ**(၁၉)နှစ်၊ **ရဲဇော်လင်း(ခ) စကိတ်**(၂၂)နှစ်၊ **တင်ကိုကို**(၅၆)နှစ်၊ **အောင်ကိုကို**(၂၅) နှစ်နှင့် တရားခံများကို ထွက်ပြေးတိမ်းရှောင်နိုင်ရန် ကူညီပေးခဲ့သည့် **ခင်မြ(ခ) ခင်ဌေး**(၅၅)နှစ်၊ **တင်တင်မော်** (၄၅)နှစ်၊ **သင်းရနံ့လှိုင်(ခ)ဖြူဖွေး**(၁၆) နှစ်တို့ရှစ်ဦးကို မှော်ဘီမြို့နယ် ရွှေမြယာကျေးရွာအုပ်စု (၁)ရပ်ကွက် နှင်းဆီလမ်း၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် တရားခံ **နိုင်အောင်ထွန်း(ခ)ဒဿ၊ ရဲဇော်လင်း(ခ)စကိတ်၊ အောင်ကိုကို**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **စိုးမင်းစံ၊ ချစ်ဖြိုးဝေ(ခ)ဆံရှည်** တို့ငါးဦးသည် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာနေ NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး **အုန်းဇော်မြင့်**၏ ချိတ်ဆက်ပေးမှုဖြင့် KNLA တပ်မဟာ (၆) နယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အကြမ်းဖက်သင်တန်းဆင်းပြီးနောက် **နိုင်အောင်ထွန်း(ခ)ဒဿ၊ ရဲဇော်လင်း(ခ) စကိတ်၊ အောင်ကိုကို၊ စိုးမင်းစံ၊ ချစ်ဖြိုးဝေ(ခ)ဆံရှည်** တို့သည် NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး **အုန်းဇော်မြင့်**နှင့် **တင်ကိုကို** တို့၏ စီစဉ်ပေးမှုဖြင့် မှော်ဘီမြို့နယ် ရွှေမြယာကျေးရွာအုပ်စု (၁)ရပ်ကွက် နှင်းဆီလမ်းရှိ နေအိမ်တစ်လုံးကို ငှားရမ်းနေထိုင်ကာ နိုင်ငံတော်အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ အုပ်ချုပ်ရေးယန္တရား၏ အဓိကဒေါက်တိုင်ဖြစ်သော ရပ်/ကျေးအဆင့် အုပ်ချုပ်ရေးမှူးများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက် ညနေပိုင်းတွင် NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး **အုန်းဇော်မြင့်** ခေါင်းဆောင်၍ **ဇေယျာဝင်း၊ နိုင်အောင်ထွန်း(ခ) ဒဿ၊ အောင်ကိုကို**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **စိုးမင်းစံ၊ ချစ်ဖြိုးဝေ(ခ)ဆံရှည်** တို့ခြောက်ဦးသည် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဇနီးဖြစ်သူ ဒေါ်ဟေမာလွင် တို့အား ကလေးများကျောင်းပို့ချိန်တွင် လုပ်ကြံသတ်ဖြတ်ရန် Signal မှတစ်ဆင့် တွေ့ဆုံ၍ လုပ်ကြံရေးအစီအစဉ်များ ရေးဆွဲခဲ့ပြီး အောက်ပါအတိုင်း တာဝန်ခွဲဝေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်–

- **နိုင်အောင်ထွန်း(ခ)ဒဿ**က အုပ်ချုပ်ရေးမှူး၏ ဇနီးအား ပစ္စတိုဖြင့် ပစ်ခတ်သတ်ဖြတ်ရန်။
- စိုးမင်းစံက အုပ်ချုပ်ရေးမှူးအား ပစ္စတိုဖြင့် ပစ်ခတ်သတ်ဖြတ်ရန်။
- **ဇေယျာဝင်း**က အုပ်ချုပ်ရေးမှူး၏ မော်တော်ယာဉ်အား ရပ်တန့်ရန်အတွက် လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲရန်နှင့် လုပ်ကြံသတ်ဖြတ်ပြီးပါက မော်တော်ယာဉ်အား Remote လက်လုပ်မိုင်းဖြင့် ဖောက်ခွဲရန်။
- **ချစ်ဖြိုးဝေ(ခ)ဆံရှည်**က ဖုန်းဖြင့် မှတ်တမ်းတင်ရိုက်ကူးရန်။
- **အောင်ကိုကို**က အုပ်ချုပ်ရေးမှူး၏နေအိမ်အား လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲရန်။

ဩဂုတ် ၂ ရက် နံနက် ၈ နာရီခန့်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့သည် ကလေးငယ်နှစ်ဦးကို ကျောင်းပို့ရန် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် အုပ်ချုပ်ရေးမှူး၏ နေအိမ်အနီး ကွမ်းယာဆိုင်ရှေ့၌ **ဇေယျာဝင်း**က မော်တော်ယာဉ်ရှေ့သို့ လက်လုပ်မိုင်းတစ်လုံး ပစ်ခတ်ဖောက်ခွဲ၍ ရပ်တန့်စေခဲ့ပြီး **နိုင်အောင်ထွန်း(ခ) ဒဿ**က ဒေါ်ဟေမာလွင်ကိုလည်းကောင်း၊ **စိုးမင်းစံ**က အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်းကို လည်းကောင်း ပစ္စတိုဖြင့် ငါးချက်စီ မသေမချင်း ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထို့နောက် ဇေယျာဝင်း သည် ကားနောက်ခန်းတွင် လိုက်ပါလာသည့် ကလေးငယ်နှစ်ဦးကို အသက်ရှင်လျက် တွေ့ရှိရသောကြောင့် ရက်စက်ယုတ်မာသော အကြံအစည်ဖြင့် Remote လက်လုပ်မိုင်းတစ်လုံးအား ကားအတွင်း၌ထား၍ ဖောက်ခွဲရန်စီစဉ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။ ထိုကဲ့သို့ ဖောက်ခွဲရန် စီစဉ်ခဲ့သော်လည်း ဖြစ်စဉ်ဖြစ်ပွားသည်နှင့်တစ်ပြိုင်နက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ကားအတွင်းမှ Remote လက်လုပ်မိုင်းအား သက်မဲ့ပြုလုပ်နိုင်ခဲ့သဖြင့် ကလေးငယ်နှစ်ဦးကို အချိန်မီကယ်တင်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် **အောင်ကိုကို**က အုပ်ချုပ်ရေးမှူး၏နေအိမ်အား လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး အဆိုပါလုပ်ကြံသတ်ဖြတ်မှုဖြစ်စဉ်ကို **ချစ်ဖြိုးဝေ(ခ) ဆံရှည်**က ဖုန်းဖြင့် မှတ်တမ်းတင်ရိုက်ကူးခဲ့ကာ ၎င်းတို့ငှားရမ်းနေထိုင်သည့် နေအိမ်သို့ထွက်ပြေးတိမ်းရှောင်စဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။


ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး **အုန်းဇော်မြင့်** ၏ စေခိုင်းမှုဖြင့် မင်္ဂလာဒုံမြို့နယ်အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုနှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်–

- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု မြရတနာရပ်ကွက် နှင်းဆီပတ်လမ်း၌ အုပ်ချုပ်ရေးမှူး ဦးနေလင်းနှင့် ရာအိမ်မှူး ဦးရဲသွင်တို့နှစ်ဦးကို **ဇေယျာဝင်း**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **အာကာဝင်း၊ မင်းမင်းဇော်၊ ကိုတူး(ခ)သားကြီး**တို့က ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာ ဦးနေလင်း သေဆုံးခဲ့ပြီး ဦးရဲသွင်မှာ ဒဏ်ရာအပြင်းအထန် ရရှိခဲ့ကြောင်း။
- ဇွန် ၈ ရက်တွင် မင်္ဂလာဒုံမြို့နယ် ဂူကြီးကုန်းကျေးရွာရှိ ရွာလယ်လမ်းမပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် ကောင်းမြင့်ဝင်း(ခ) ကိုနီကို ဒလန်ဟုစွပ်စွဲကာ **ဇေယျာဝင်း**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **အာကာဝင်း** တို့က ဆိုင်ကယ်တစ်စီးဖြင့် အနောက်မှလိုက်၍ ပစ္စတိုဖြင့်ပစ်ခတ်ခဲ့ပြီး ဆိုင်ကယ်တိမ်းမှောက်စဉ် ကောင်းမြင့်ဝင်း(ခ)ကိုနီကို ဝါးရင်းတုတ်ဖြင့် မသေမချင်း ရိုက်သတ်ခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ကုန်းတလပေါင်ကျေးရွာ NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး **အုန်းဇော်မြင့်**က စေခိုင်းခဲ့ခြင်းဖြစ်ပြီး အုပ်ချုပ်ရေးမှူး ဦးနေလင်းကို လုပ်ကြံသတ်ဖြတ်မှုအတွက် ငွေကျပ် ၃၀၀၀၀၀၊ **ကောင်းမြင့်ဝင်း(ခ)ကိုနီ**အား လုပ်ကြံသတ်ဖြတ်မှုအတွက် ငွေကျပ် ၅၀၀၀၀ နှင့် အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဇနီးဖြစ်သူ ဒေါ်ဟေမာလွင်တို့အား လုပ်ကြံသတ်ဖြတ်မှုအတွက် ငွေကျပ် ၁၂၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် လက်နက်/ခဲယမ်းများကိုလည်း ငှားရမ်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**




၂၀၂၂ ခုနှစ် ဩဂုတ် ၂ ရက်တွင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့အား အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်း(သေဆုံး)



ဒေါ်ဟေမာလွင် (သေဆုံး)

၂၀၂၂ ခုနှစ် ဇွန် ၈ ရက်တွင် မင်္ဂလာဒုံမြို့နယ် ဂူကြီးကုန်းကျေးရွာ၌ အပြစ်မဲ့ပြည်သူတစ်ဦးအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



ကောင်းမြင့်ဝင်း (ခ)ကိုနီ(သေဆုံး)

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးတို့အား အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ



ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေလင်း(သေဆုံး)



ရာအိမ်မှူး ဦးရဲသွင် (ဒဏ်ရာအပြင်းအထန်ရရှိ)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၈၀ | ၁၇၂၅ | ၁၇၂၀ | ၁၆၉၀ | ၁၇၂၅ | ၁၇၅၀ | ၁၇၃၅ | ၁၇၁၀ | ၁၈၀၅ | ၁၈၂၀ | ၁၇၂၀ | ၁၇၂၅ | ၁၇၆၀ | ၁၇၆၅ | ၁၇၆၅ | ၁၉၈၅ | ၂၆၉၅ |
| 95 Ron | ၁၇၄၀ | ၁၇၈၅ | ၁၇၈၅ | ၁၇၄၅ | ၁၇၈၅ | ၁၈၀၅ | ၁၇၉၀ | ၁၇၇၀ | ၁၈၆၅ | ၁၈၈၀ | ၁၇၇၅ | ၁၇၉၅ | ၁၈၂၀ | ၁၈၂၀ | ၁၈၂၅ | ၂၀၄၀ | ၂၇၅၀ |
| HSD (500 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၄၀ | ၂၀၇၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၁၅ | ၂၃၃၅ | ၃၀၄၀ |
| HSD (50 ppm) | ၂၀၉၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၂၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၃၅ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၃၉၀ | ၃၀၇၀ |
| HSD (10 ppm) | ၂၀၉၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၂၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၃၅ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၃၉၀ | ၃၀၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၉၂ | ၁၆၅၇ |
| 95 Ron | ၁၆၄၈ | ၁၇၁၅ |
| HSD (500 ppm) | ၁၉၃၂ | ၂၀၀၁ |
| HSD (50 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (10 ppm) | ၁၉၈၈ | ၂၀၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## သမိုင်းဝင် မယ်ဒက်ကယ်ဘုရားကြီးတွင် မိုးခေါ် လွန်ဆွဲပွဲ ပြုလုပ်

ရေတာရှည် ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ပုံမှန် မိုးရွာသွန်းမှုမရှိသည်မှာ တစ်လခွဲကျော်လာချိန်၌ စပါးစိုက်ပျိုးထားသည့် တောင်သူများအခက်အခဲများစွာဖြစ်ပေါ်လာ၍ မိရိုးဖလာ မိုးခေါ်လွန်ဆွဲပွဲများကျင်းပလျက်ရှိကြောင်း သိရသည်။

သမိုင်းဝင် မယ်ဒက်ကယ်ဘုရားကြီး၏ ဂေါစကံကျေးရွာများဖြစ်သော အောင်ချမ်းသာ၊ ဇမန်းသာ၊ အင်းပက်လက်၊ ဘိုးကြာညို၊ ဝါးတောကြီး၊ အင်ဒိုင်း၊ တခွဲကျဲ ကျေးရွာများမှ ရွာသူရွာသားများ စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မယ်ဒက်ကယ်ဆရာတော်ဘုရားကြီး၏ ရုပ်တုအား ပင့်ဆောင်ခြင်း၊ ဆရာတော်၊ သံဃာများက ငါးရံ့မင်းပရိတ်ရွတ်ဖတ်ခြင်းနှင့် ဗောဓိပင်အား ညောင်ရေသွန်းလောင်းခြင်းတို့ကိုအစီအစဉ်တိုင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် လွန်ဆွဲကြိုး တစ်ဖက်စီတွင် လူ ၅၀ စီဖြင့် ကျေးရွာအလိုက် အပြိုင်ဆွဲကြခြင်းဖြစ်သည်။

တောင်သူတိုင်းလိုလို မိုးရွာသွန်းရန် မျှော်လင့်နေကြရပြီး ရေအိုင်နှင့်နီးသောသူများက ရေစုပ်စက်ဖြင့် ငှားရမ်းတင်နေကြရသော်လည်း ရေမရှိသူ များမှာ မိုးရွာမှသာ စပါးအောင်ရေအတွက် မျှော်လင့်နိုင်မည်ဖြစ်သည်။

ကိုလွင်(ဆွာ)

## တိုက်ကြီးမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

တိုက်ကြီး ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သက္ကယ်ကျင်းကျေးရွာ ကွန်ကရစ်တံတား၊ ခတ်ချောင်းကျေးရွာ ကုန်ထုတ်ဂဝံလမ်း၊ ရေတွင်းကြီးကျေးရွာ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ကျီပင်လဟာ(တောင်)ကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ ခရိုင်နှင့်မြို့နယ် တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ သက္ကယ်ကျင်းကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် ကွန်ရစ်တံတားအရှည်ပေ ၃၀၊ အကျယ် ၁၄ ပေနှင့် အမြင့် ၁၂ ပေနှင့် ခတ်ချောင်းကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် အရှည်မိုင် (၀/၆ ဒသမ ၀၆)မိုင် အကျယ် ၁၂ ပေ၊ ဒု ၉ လက်မ ကုန်ထုတ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး လမ်းမျက်နှာပြင်ပြုပြင်ခြင်း၊ ဂဝံခင်းခြင်း ဆောင်ရွက်ရာတွင် လိပ်ကျောပုံပေါ်သည်အထိ စနစ်တကျ ဆောင်ရွက်ရန်၊ ရေမြောင်းဆောင်ရွက်ရန်နှင့် လမ်းပခုံးများကို သေချာစွာ ဆောင်ရွက်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။



ဇင်မင်းထိုက်(ထန်းတပင်)

## သုံးခွမြို့နယ်၌ သဘာဝရေပြင်များအတွင်း ငါးမျိုးများစိုက်ထည့်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သုံးခွမြို့နယ် သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ရဲနွဲ့ရိုးချောင်း၊ သုံးခွ - သန်လျင် ကားလမ်း၊ ရဲနွဲ့ချောင်းတံတားအနီး၌ ယနေ့နံနက် ၈နာရီတွင် လည်းကောင်း၊ မှော်ဝန်းချောင်း အမှတ် (၉) ရပ်ကွက် တံတားအနီး၌ နံနက်၉ နာရီတွင်လည်းကောင်း ကျင်းပသည်။



### ငါးမျိုးစိုက်ထည့်

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးတင့်လွင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ လှော်ကားငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် လေးထောင့်ကန်စခန်းတာဝန်ခံများ၊ ဝန်ထမ်းများတက်ရောက်ခဲ့ကြပြီး လေးထောင့်ကန်စခန်းမှ နှစ်လက်မအရွယ် ငါးခုံးမသားပေါက် ငါးသိန်း၊ လှော်ကားငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမသားပေါက် ကောင်ရေ ၂ ဒသမ ၅ သိန်း စုစုပေါင်း ငါးခုံးမသားပေါက် ၇ ဒသမ ၅ သိန်းအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၄**

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိ ပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည် ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။


ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောင်းစုကြီးရပ်ကွက်နေ သန်းဝင်းသည် ၎င်းအသုံးပြုသည့် "Than Win" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်။




၆ - ၈ - ၂၀၂၂ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၂) တွင် မိမိအနေဖြင့် အင်အားကြီးမား၍ မာန်တက်ကာ သူတစ်ပါးအပေါ် မောက်မာပါက မိမိမှာသာ ပျက်စီးစေတတ်ကြောင်းကို တင်ဆက်ထားသည့် "မောင်လူအေးနှင့် မန်ကျည်းပင်ကြီး" မျက်နှာဖုံးကာတွန်း၊ တောင်တက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို တင်ဆက်ထားသည့် "တောင်တက်ခြင်းရဲ့ အကျိုးကျေးဇူးများ" သုတဆောင်းပါး၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ အမည်နာမသည် အဓိကမဟုတ်ဘဲ အသုံးဝင်မှုကသာ အဓိကဖြစ်ကြောင်းကို တင်ဆက်ထားသည့် "မဆား" နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် မိဘတို့၏ ဆိုဆုံးမမှုကို နာခံရန်နှင့် အရာရာကို ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားပါက အောင်မြင်နိုင်ကြောင်းကို ရေးသားထားသည့် "လွယ်လွယ်နဲ့မရနိုင်ဘူး" ဝတ္ထု၊ နေ့ရောညပါ ဂိမ်းကစားလွန်း၍ အာရုံကြောများချည့်နဲ့သွားသော ရန်ပိုင်စိုးအကြောင်းကို ဂရုပြုဖွယ်ရေးဖွဲ့ထားသည့် "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ အလှမာန်တက်ကာ မောက်မာလွန်းသော ရူပကလျာမင်းသမီးကို အမြင်မှန်ရရန် ပြုလုပ်ပေးခဲ့သော မဟာသိပ္ပတိုင်းပြည်မှ မင်းသားလေးအကြောင်းကို ရေးဖွဲ့ထားသည့် "ပညာရှိမင်းသားနဲ့ မာနရှင်မင်းသမီး" ပုံပြင်၊ ခူကောင်လေး၏ ဇွဲကောင်းမှုကြောင့် အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ခွင့်ရရှိခဲ့ပုံကို အတုယူဖွယ်တင်ဆက်ထားသည့် "လုံ့လဝီရိယ" နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် အင်္ဂလိပ်စာ၏ အသုံးဝင်ပုံကို သိရှိကာ ကြိုးစားသင့်ပုံကို ရေးဖွဲ့ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ မိတ်ဆွေနှစ်ဦးတွေ့ဆုံပြီး ပြန်ခါနီးတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှုတ်ဆက်စကားပြောဆိုရာ၌ သုံးနှုန်းပြောဆိုပုံအချို့ကို တင်ဆက်ထားသည့် ဆရာ KML ၏ "ရွှေသွေးစကားဝိုင်း" ကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။ **မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

မိခင်ဖြစ်သူ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့်ပတ်သက်၍ အကြောင်းခြင်းရာအားလုံးကို ကြားသိရပြီဆိုသောအခါ သူသည် ရေနံချောင်းမြို့အကြောင်းကို စိတ်မှာ အမှတ်ထင်ထင် ရှိလာသည်။ ပင်းဘုရား၊ စနေနံဘုရား၊ ရွှေမြင်မိဘုရား စသည်တို့ကို ထပ်ကာတလဲလဲ ကြားရသည်။ ရွှေကြာငုံရပ်၊ ရွှေဘုံသာရပ် စသည့်အမည်များနှင့် ရင်းနှီးလာခဲ့သည်။

သို့ဖြင့် ယခုလို ရေနံချောင်းမြို့သို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရပြီဆိုသောအခါ သူ့အဖို့ နေရာဒေသတစ်ခုအကြောင်းကို စာတစ်အုပ်၌ ဖတ်ခဲ့ရပြီး ယင်းနေရာသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိရသည့်နှယ် ခံစားရသည်။ အိပ်မက်ဖြင့် အလည်ရောက်ရှိခဲ့ရသော နေရာသို့ ပြန်လည်ရောက်ရှိရသည့်နှယ် ဖြစ်နေသည်။

ယခုတော့လည်း အရာရာတိုင်းသည် ပြန်လည်၍ နေသားတကျ ဖြစ်သွားခဲ့ရပြီဟု ဆိုနိုင်သည်။ သို့မဟုတ် အရာရာတိုင်း အနည်ထိုင်ခဲ့ပြီဟု ပြော၍ရသည်။

နွယ်နွယ်ထွန်းသည် ပြည်လမ်းရှိ ရေနံ့သာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သို့တိုင်အောင် ဦးကျော်ထွန်းတို့အိမ်သို့လည်း မကြာခဏ ရောက်ရသည်။ တစ်ခါတစ်ရံ မိသားစုအားလုံး ရေနံ့သာတွင် ရက်အတန်ကြာသည်အထိ စုဝေးနေထိုင်ကြလေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး လွတ်မြောက်လာပြီး တစ်လခန့်အကြာ၌ ဦးခင်မောင်ညွန့်နှင့် ဒေါ်ဝင်းရီတို့ ရေနံချောင်းသို့ ပြန်သည်။ ဗိုလ်မှူးညိုထွန်းသည်လည်း တာဝန်ရှိရာသို့ ပြန်လည်ထွက်ခွာသွားသည်။

သည်အတွင်းမှာ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် တရားအားထုတ်ခြင်း၌ မွေ့လျော်နေသည်။ သူသည် တရားရိပ်သာများ၌ အချိန်ကုန်များသည်။ ဇရပ်တန်ဆောင်းစသော ဒါနကိစ္စများကို စေတနာထက်သန်စွာ ဆောင်ရွက်နေလေသည်။

နွယ်နွယ်ထွန်းသည်လည်း အာရုံနစ်မြုပ်နေသည်။ တစ်နေ့တစ်နေ့ အချိန်ကုန်လိုက်မှန်းမသိရလောက်အောင်ပင် တာဝန်ပိနေလေသည်။

တစ်လောကပင် ဝမ်းသာစရာသတင်းစကားတစ်ရပ်ကို ရေနံ့သာနှင့်ပတ်သက်သော အသိုင်းအဝိုင်းက ကြားကြရသည်။ ဤသည်မှာ နန်းကိန္နရီသည် သားယောက်ျားလေးကို ဖွားမြင်ခဲ့ခြင်း သတင်းဖြစ်လေသည်။ နန်းကိန္နရီ၏ မွေးဖွားရေးကိစ္စအရပ်ရပ်ကို နွယ်နွယ်ထွန်းက ကိုယ်ဖိရင်ဖိ ဆောင်ရွက်ပေးခဲ့သည်။

ဦးကျော်ထွန်း ဒေါ်နွယ်နွယ်တို့သည်လည်းကောင်း၊ ဒေါ်ရေနံ့သာခင်ခင်ကြီး၊ နွယ်နွယ်ထွန်းတို့သည်လည်းကောင်း ကလေးငယ်နှင့် အတန်ကင်းဝေးနေကြလေရာ နန်းကိန္နရီ၏ကလေးကိုပင် ဝိုင်း၍ အချစ်ပိုနေကြသည်။ လက်က မချနိုင်လောက်အောင် ရှိနေကြသည်။ "ကိုကိုဦး"ဟု အမည်ပေးထားသည်။

ယင်းအမည်ကို ဒေါ်ရေနံ့သာခင်ခင်ကြီး ကိုယ်တိုင်က ပေးခဲ့သည်ဆိုသောအခါ လူတကာတို့ အံ့အားသင့်ကြရသည်။ အဆန်းတကြယ်ရှိကြရသည်။ မည်သို့ပင်ဆိုစေ ဒေါ်ရေနံ့သာခင်ခင်ကြီး၌ မောင်မောင်ဦးနှင့် ပတ်သက်သော အကြောင်းခြင်းရာတို့ ပျောက်ကွယ်မသွားသေးကြောင်း၊ အတိတ်သည် သူ၏ရင်၌ အိပ်မက်သဖွယ် ထာဝရ ငြိတွယ်နေဆဲရှိသေးကြောင်း ထင်ရှားသည်။

တစ်ခါတစ်ခါတော့လည်း နွယ်နွယ်ထွန်းသည် ဖခင်ဖြစ်သူနှင့်ပတ်သက်၍ စိတ်၌ ဆန်းကြယ်သောအတွေးများ ဝင်လာရသည်။ အဘယ်ကြောင့် သည်မျှအထိ သည်မိသားစုနှစ်စု၌ အငြိုးအတေး အမုန်းအတီး ကြီးမားရပါလိမ့်ဟု စဉ်းစားမိသည်။ တစ်ခါတစ်ရံတွင် ဖခင်ကို အသက်ထင်ရှားရှိစေချင်သောဆန္ဒများ ပေါ်ပေါက်လာမိတတ်လေသည်။

အများ၏ပြောစကားအရ ဆိုပြန်တော့လည်း တမ်းတစိတ် ဖြစ်ပေါ်မိသည်။ အထူးသဖြင့် ဗိုလ်မှူးညိုထွန်း၏ စကားများအရ စင်စစ် မိမိ၏ဖခင်ဖြစ်သူ

> တစ်ခါတစ်ခါတော့လည်း နွယ်နွယ်ထွန်းသည် ဖခင်ဖြစ်သူနှင့်ပတ်သက်၍ စိတ်၌ ဆန်းကြယ်သောအတွေးများ ဝင်လာရသည်။ အဘယ်ကြောင့် သည်မျှအထိ သည်မိသားစုနှစ်စု၌ အငြိုးအတေး အမုန်းအတီး ကြီးမားရပါလိမ့်ဟု စဉ်းစားမိသည်။ တစ်ခါတစ်ရံတွင် ဖခင်ကို အသက်ထင်ရှားရှိစေချင်သောဆန္ဒများ ပေါ်ပေါက်လာမိ . . . စင်စစ် မိမိ၏ဖခင်ဖြစ်သူသည် များစွာရက်စက်လိုသော ဆန္ဒမရှိခဲ့။ အခြေအနေအရပ်ရပ်နှင့် မလွှဲမရှောင်သာသော ဖြစ်ရပ်များကြောင့် ရက်စက်ရာကျခဲ့သည်ဟု သိရသည်။ တစ်ရက်တည်းဟူသော အချိန်ကာလကလေးက ဘဝများစွာကို ပြောင်းလဲစေခဲ့ကြောင်း သဘောပေါက်ရသည်။ ယင်းအခါမျိုးတွင် နွယ်နွယ်ထွန်းမှာ ဖခင်ကို . . .

သည် များစွာ ရက်စက်လိုသောဆန္ဒမရှိခဲ့။ အခြေအနေအရပ်ရပ်နှင့် မလွှဲမရှောင်သာသောဖြစ်ရပ်များကြောင့် ရက်စက်ရာကျခဲ့သည်ဟု သိရသည်။ တစ်ရက်တည်းဟူသော အချိန်ကာလကလေးက ဘဝများစွာကို ပြောင်းလဲစေခဲ့ကြောင်း သဘောပေါက်ရသည်။ ယင်းအခါမျိုးတွင် နွယ်နွယ်ထွန်းမှာ ဖခင်ကို တမ်းတမ်းဆွတ်ဆွတ် ဖြစ်မိတတ်လေသည်။

ရေနံချောင်းမှ စာလာသည်။ ဒေါ်ဝင်းရီထံမှဖြစ်သည်။ ရေနံချောင်းသို့ အလည်အပတ်လာရန်ပင်ဖြစ်သည်။ ကံအားလျော်စွာ နွယ်နွယ်ထွန်းသည် အလုပ်မှ ခွင့်ရခဲ့သည်။ သို့ဖြင့် ရေနံချောင်းသို့ရောက်လာရသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည်လည်း သူနှင့်အတူ ပါလာခဲ့သည်။ ရေနံချောင်းသို့သွားရုံသာမဟုတ်၊ ပုဂံညောင်ဦးဘုရားဖူးရန်အတွက်လည်း ဖြစ်သည်။

ယခုတော့ ရွှေကြာငုံသို့လည်း ရောက်ရပြီ။ ရွှေဘုံသာသို့လည်း ရောက်ဖူးပြီ။ စနေနံကိုလည်း ဖူးရပြီ။ ပင်းဘုရားကိုလည်း ဖူးရပြီ။

ပင်းဘုရားသို့ နွယ်နွယ်ထွန်း ရောက်ရသောအချိန်ကာလမှာ ဘုရားပွဲတော်ရက်မဟုတ်။ ထို့ကြောင့်လည်း စည်ကားသိုက်မြိုက်ခြင်းမရှိ။ ခြောက်သွေ့တိတ်ဆိတ်နေသည်။ ပင်းဘုရားသို့လာရာလမ်းတစ်လျှောက်မှ တောင်အထပ်ထပ်ကို နွယ်နွယ်ထွန်း သဘောကျသည်။ အမြင်မှာ ဆန်းနေသည်ဟုထင်သည်။ ချုံစေးပစ်များသာ ပေါက်ရောက်ပြီး မြေနီမြေကြမ်းများသာ ဖြစ်သည်။ တောင်အထပ်ထပ်မှာ လှိုင်းထနေသည့် သဖွယ်ဖြစ်သည်။ တစ်မျှော်တစ်ခေါ် လှမ်းမြင်ရသည်။

ပင်းဘုရားကို ဖူးမြော်ရသည်၌ မိခင်နှင့် ဖခင်တို့၏ ဇာတ်လမ်းစရာကို အမှတ်ရသည်။ ယခုအခါ လူသူကင်းမဲ့နေသောဇရပ်များတွင် တစ်ချိန်ကတော့ လူသူကျပ်ညပ်နေပေလိမ့်မည်။ အပြန့်ကျယ်သော သောင်တစ်ကြောတွင်တစ်မျှော်တစ်ခေါ် ရှည်လျားသော ပွဲဈေးတန်းရှိပေလိမ့်မည်။ ညင်ညင်သာသာစီးဆင်းနေသော ပင်းချောင်းရေဝယ် ဘုရားပွဲလာတို့ ရေချိုးမြူးပျော်ကြပေလိမ့်မည် ထင်သည်။ နွယ်နွယ်ထွန်းသည် ဘုရားရင်ပြင်ပေါ်မှနေ၍ အဝေးမှ ကြက်သွန်ခင်းစိမ်းစိမ်းများကိုလည်း လှမ်းမျှော်ကြည့်မိသည်။ ပင်းတစ်ဖက်ကမ်းမှ ထန်းတောညိုညိုကိုလည်း ရှုမောခဲ့မိသည်။ ပင်းချောင်းရေထဲသို့ဆင်းကာ သဲနုနုကလေးများကို လက်ဖြင့် ကျုံးယူမိခဲ့သည်။ ဒေါ်ဝင်းရီ ပြောပြခဲ့လေသော ဇာတ်ကြောင်းသည် သူ့အတွက် ပိုမိုလေးနက်ခြင်းရှိလာရသည်ဟု ထင်သည်။

စနေနံဘုရားမှနေ၍ လှမ်းမြင်ရသော ဧရာဝတီမြစ်ရှုခင်းကို နွယ်နွယ်ထွန်း နှစ်ခြိုက်သည်။ ဆောင်းအခါဖြစ်၍ မြစ်အတွင်း၌ သောင်တို့ အပြန့်ကျယ်စွာ ထွန်းနေသည်။ ရေစီးကြောင်းသည် အဝေးမှာရှိပြီး ညင်သာသိမ်မွေ့ဟန် ပေါက်နေသည်။ ကမ်းပါးပြတ်ဖွေးဖွေးတို့သည်ကား မာန်ထနေသော မြွေ၏ ပါးပြင်းများနှယ် ဖြစ်လေသည်။ ဆည်းဆာချိန်လည်းဖြစ်မည်၊ လူသူကင်းရှင်းချိန်လည်းဖြစ်မည်ဆိုလျှင် စနေနံမှာ နားနားနေနေထိုင်နေရသည်ကို နွယ်နွယ်ထွန်း သဘောကျနေသည်။ ရေနံချောင်းသို့ ရောက်နေစဉ်ရက်များအတွင်း စနေနံသို့ ဆည်းဆာချိန်များ၌ အရောက်များသည်။

ဤသည်မှာ စနေနံမှ လှမ်းမျှော်မြင်တွေ့ရသော ကြည်နူးသာယာဖွယ် ရှုခင်းကြောင့်ချည်းမဟုတ်ပေ။ အခြားအကြောင်းတစ်ရပ်တော့ ရှိပေသေးသည်။

တစ်နေ့တွင် နွယ်နွယ်ထွန်းသည် စနေနံဘုရားသို့ အထီးတည်းလာခဲ့သည်။ ကားကို ကိုယ်တိုင်မောင်းခဲ့သည်။ ဘုရားပေါ်သို့တက်ခဲ့ကာ အနောက်ဘက် အရဏ်ခံတန်ဆောင်းမှနေ၍ ဧရာဝတီမြစ်ပေါ်မှာကျနေသော ဆည်းဆာကို ငေးမောနေမိသည်။ နေဝင်ခါနီးတွင် ရင်ပြင်မှ ပြန်ဆင်းလာခဲ့သည်။ လှေကားထစ်တစ်နေရာတွင် အောက်မှတက်လာသောလူတစ်ယောက်နှင့် ပက်ပင်းပါဆုံရသည်။ ထိုသူသည် မိမိအား စူးစူးစိုက်စိုက်ကြီး ကြည့်နေကြောင်း နွယ်နွယ်ထွန်းတွေ့ရသည်။ သူသည် အသက် ၅၀ ပတ်ဝန်းကျင်လောက် ရှိပုံရသည်။ မျက်နှာမှာ ကျောက်ပေါက်မာသဲ့သဲ့ရှိသည်။

သူက စူးစိုက်ကြည့်နေရုံသာမကသေး သိမှတ်မိသလိုအမူအရာလည်း ပြသည်။ သို့ရာတွင် ဝေခွဲမရနိုင်သေးဟန်ဖြင့် စဉ်းစားသလိုတွေနေသည်။ နွယ်နွယ်ထွန်းက သူ့အမူအရာကို ဆန်းကြယ်သည်ထင်မိကာ သူ့မျက်နှာကို အကဲခတ်သလို ကြည့်မိသည်။ သည်အခိုက် သူ့ထံမှ အသံထွက်ပေါ်လာသည်။

"နန်းကိန္နရီ မဟုတ်လားဟင်"

သူ၏အမေး။ ရုတ်တရက်တွင် နွယ်နွယ်ထွန်းသည် ကြောင်သွားပြီး "ရှင်" ဟု ဆိုလိုက်မိသည်။

"မင်း၊ မင်း နန်းကိန္နရီမဟုတ်လား"

သူကထပ်မေးသည်။

"မ မဟုတ်ပါဘူး"

နွယ်နွယ်ထွန်း ပျာပျာသလဲ ဆိုမိသည်။

"ဩော်… နန်းကိန္နရီများလားလို့"

သူက သည်မျှသာဆိုလျက် လှေကားအတိုင်း ဆက်လက်တက်မည်ပြုသည်။ နွယ်နွယ်ထွန်း၏စကားသံက သူ့ခြေလှမ်းကို တုန့်စေလိုက်သည်။

"ဦးက နန်းကိန္နရီကိုသိလို့လားဟင်"

နွယ်နွယ်ထွန်း၏အမေးကို သူက ပြန်ဖြေသည်။

"သိတယ်ဆိုပါတော့ကွယ်"

နွယ်နွယ်ထွန်းသည် သူ့ကို စိတ်ဝင်စားလာသည်။ စကားစမြည် ပြောလိုစိတ် ပေါ်လာသည်။

"ကျွန်မဟာ နန်းကိန္နရီမဟုတ်ပေမဲ့ နန်းကိန္နရီကိုသိပါတယ်"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

❂ အကြိမ် (၂၀)မြောက်မှ ရမှတ် (၉.၆၅)ဖြင့် ပထမဆု ရွှေတံဆိပ်ကို ရရှိသည်။ မလေးရှားနိုင်ငံမှ ဒုတိယဆု ငွေတံဆိပ်ကို ရရှိပြီး အင်ဒိုနီးရှားနိုင်ငံမှ တတိယဆု ကြေးတံဆိပ်ကို ရရှိသည်။

**ယှဉ်ပြိုင်လျက်ရှိ**

မြန်မာတက္ကသိုလ် အားကစားအဖွဲ့အတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို စတင်ရယူပေးသည့် မမြတ်နိုးအိမ်သည် မန္တလာတက္ကသိုလ် စတုတ္ထနှစ် သမိုင်းဘာသာရပ်အထူးပြု ကျောင်းသူတစ်ဦးဖြစ်ပြီး မြန်မာတက္ကသိုလ် ဝူရှူးအားကစားအဖွဲ့အနေဖြင့် ဝူရှူးအားကစားနည်း လေးမျိုးကို ဆက်လက် ယှဉ်ပြိုင်လျက်ရှိသည်။

**တတိယဆု ကြေးတံဆိပ်ရရှိ**

အာဆီယံ တက္ကသိုလ် အားကစား ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် အူဘွန်းရာချဌာနီ ရာဂျာဟက် တက္ကသိုလ် (Ubon Rachathani Rajabhat University) UBRU Happiness Stadium ကွင်း၌ မြန်မာနိုင်ငံ တက္ကသိုလ်ဘောလုံးအသင်းနှင့် လာအိုနိုင်ငံ တက္ကသိုလ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ ပွဲပြီးဆုံးချိန်ထိ ဂိုးမရှိသရေရလဒ်ဖြစ်သဖြင့် ပင်နယ်တီအဆုံးအဖြတ်ကန်ကြရာ မြန်မာတက္ကသိုလ်အသင်းက ပင်နယ်တီ အနိုင်ဂိုးများကို မောင်ခိုင်ရဲဝင်း၊ မောင်ညီညီ၊ မောင်သန်းမြတ်စိုးနှင့် မောင်စိုးသူရတို့က သွင်းယူခဲ့ကြပြီး လေးဂိုး–သုံးဂိုးဖြင့် တတိယဆု ကြေးတံဆိပ် ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကြေးတံဆိပ်ဆုရရှိခဲ့သည့် တက္ကသိုလ်ဘောလုံးအသင်းနှင့် အဖွဲ့ဝင်များကို တွေ့ရစဉ်။



# အာဆီယံ ယူ-၁၆ ပြိုင်ပွဲ မြန်မာနှင့် မလေးရှား ယနေ့ ကစားမည်

**ရန်ကုန် ဩဂုတ် ၄**

အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်လျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ–၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ) ပွဲစဉ်များကို ဩဂုတ် ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အရေးပါသည့်ပွဲဖြစ်**

ယခုပွဲမှာ မြန်မာအသင်းရော မလေးရှားအသင်းအတွက်ပါ အရေးပါသည့်ပွဲဖြစ်ပြီး အနိုင်ရသည့်အသင်းမှာ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ အုပ်စုပထမပွဲတွင် မြန်မာအသင်းက ဩစတြေးလျကို သုံးဂိုး–နှစ်ဂိုး၊ မလေးရှားအသင်းက ကမ္ဘောဒီးယားကို သုံးဂိုးပြတ် အနိုင်ရထားခြင်းဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ဒုတိယနေရာအသင်းများတွင် တစ်သင်းသာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သောကြောင့် အုပ်စုပထမနေရာရမှသာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် သေချာမည်ဖြစ်သောကြောင့် ပွဲတိုင်းအရေးပါနေသည်။ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်အတွက် မလေးရှားကို အနိုင်ကစားနိုင်ရန် လိုအပ်နေပြီး သရေ သို့မဟုတ် ရှုံးနိမ့်ခဲ့ပါက ခက်ခဲသွားနိုင်ဖွယ်ရှိနေသည်။

အုပ်စု(ဂ) ဒုတိယနေ့အဖြစ် ဩဂုတ် ၅ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဩစတြေးလျနှင့် ကမ္ဘောဒီးယား၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် မလေးရှား ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

# အာဆီယံ ယူ–၁၈ အမျိုးသမီးပြိုင်ပွဲ တတိယလုပွဲတွင် မြန်မာအသင်း အရေးနိမ့်

**ရန်ကုန် ဩဂုတ် ၄**

၂၀၂၂ အာဆီယံ ယူ–၁၈ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲကို ဩဂုတ် ၄ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပရာ ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် တတိယနေရာရရှိရန် ကြိုးပမ်းခဲ့သော်လည်း ထိုင်းအသင်းကို အရေးနိမ့်ပြီး ဆုတံဆိပ်နှင့် လွဲချော်ခဲ့ရသည်။ မြန်မာအသင်းသည် ပထမပိုင်းနှင့် ဒုတိယပိုင်းတွင် တစ်ဂိုးစီပေးရကာ နှစ်ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အမာခံကစားသမားအချို့ မပါဝင်နိုင်သဖြင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး မေဦးခင်(ဂိုး)၊ ကြယ်စင်၊ ဖြူဖွေး၊ ဖြူဖြူဝင်း၊ ရွှန်းလဲ့နိုင်၊ ဝေဖူးအိမ်၊ ယဉ်လွန်းအိမ်၊ ဆုမြတ်နိုး၊ ဟေမာန်စိုး၊ ဇင်မိုးပြည့်၊ ခင်စန်းလွင်တို့ဖြင့် ပွဲထွက်ခဲ့သည်။

မြန်မာအသင်းသည် ပွဲစကတည်းက အကောင်းဆုံးကြိုးစားခဲ့သလို ထိုင်းအသင်းကလည်း အမှားအယွင်းမရှိကစားနိုင်ခဲ့သည်။ ၂၁ မိနစ်တွင် ထိုင်းအသင်း အဖွင့်ဂိုးရခဲ့ပြီး မာနီဝမ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးများ အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရသည်။ ထိုင်းအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၉၀+၁ မိနစ်တွင် ဂျီနာသောင်ပန်က သွင်းယူခဲ့သည်။ **သတင်း – ကိုညီလေး၊ ဓာတ်ပုံ – AFF**



တတိယလုပွဲတွင် မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဂျင်တီးနား၊ ချီလီ၊ ဥရုဂွေးနှင့် ပါရာဂွေးတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဆိုတင်သွင်း

အာဂျင်တီးနားနိုင်ငံ၊ ချီလီနိုင်ငံ၊ ဥရုဂွေးနိုင်ငံနှင့် ပါရာဂွေးနိုင်ငံတို့ဟာ ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိဖို့ အဆိုတင်သွင်းခဲ့ကြတယ်လို့ သိရပါတယ်။

**တစ်ကျော့ပြန် အိမ်ရှင်ဖြစ်ခွင့်**

ဥရုဂွေးနိုင်ငံဟာ ၁၉၃၀ ပြည့်နှစ်က ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့တာဖြစ်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ပြည့်ချိန်မှာ တစ်ကျော့ပြန် အိမ်ရှင်ဖြစ်ခွင့်ရဖို့ ဆန္ဒရှိနေတာလည်း ဖြစ်ပါတယ်။



၂၀၃၀ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးဟာ တောင်အမေရိကတိုက်ရဲ့ အိပ်မက်တစ်ခုလည်းဖြစ်တယ်လို့ တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒိုမင်ဂွက်ဇ်က ပြောကြားခဲ့ပါတယ်။ ဒါ့ပြင် စပိန်နိုင်ငံနဲ့ ပေါ်တူဂီနိုင်ငံတို့ကလည်း ၂၀၃၀ ကမ္ဘာ့ဖလားကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရဖို့ မျှော်လင့်နေတာ ဖြစ်ပါတယ်။

**ပူးတွဲအိမ်ရှင်**

ချီလီနိုင်ငံဟာ ၁၉၆၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အာဂျင်တီးနားနိုင်ငံဟာ ၁၉၇၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာ ဖြစ်ပါတယ်။ ယခု ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်ပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကိုတော့ ကနေဒါ၊ မက္ကဆီကိုနဲ့ အမေရိကန်တို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမှာ ဖြစ်တယ်လို့ သိရပါတယ်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဟာ ၂၀၃၀ ကမ္ဘာ့ဖလားအိမ်ရှင်နိုင်ငံကို ၂၀၂၄ ခုနှစ်အတွင်းမှာ ရွေးချယ်သွားဖို့ စီစဉ်ထားတာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**


အားကစား
မြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး



**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဥဇ္ဇနာ(၄)လမ်း၊ အမှတ်(၁၁၇/ခ)ဟု ခေါ်တွင်သော နှစ်(၆၀)ဂရန်မြေ၊ အလျားxအနံ (၂၀x၆၀)ပေ အကျယ်ရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်များအား ပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဦးခင်မောင် [၁၂/ဥကမ(နိုင်)၁၀၈၃၅၀] က ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူအား ကာလပေါက်ဈေးအတိုင်း ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေအချို့ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဌေးလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၃၄၀၈)**
**အမှတ်(၆၀၁)၊(၂၁)ရပ်ကွက်၊ ပေါက်ကံလမ်း၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–401579081**



**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဇေယျာဒီပ(၁)လမ်း၊ မြေကွက်အမှတ်(၁၄၉/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၂၇၅)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးဖြိုးသက်ကို [၁၂/မဂတ(နိုင်)၀၉၆၇၇၆] နှင့် ဒေါ်မေမြတ်လွင် [၁၂/လမတ(နိုင်)၀၃၉၀၂၇]တို့ အမည်များဖြင့် ပူးတွဲအမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်များထံမှ ဦးညီညီလင်း[၁၂/ကတန(နိုင်)၀၉၀၈၆၁]သည် "နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယဉ်ယဉ်ကြည် (LL.B)**
**(စဉ်–၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ကေကေနိုင် (LL.B)**
**(စဉ်–၅၃၃၄၄)**
**အထက်တန်းရှေ့နေ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## "K Group Construction Co.,Ltd ၏ ကန်ထရိုက်တာ ဦးအောင်မြတ်သက် [၁၂/စခန(နိုင်)၀၁၅၂၇၂]နှင့် အများသိစေရန် အသိပေးကြေညာချက်"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ညောင်တုန်းလမ်းမကြီးနှင့် ကျုန်စစ်သားလမ်းထောင့်၊ ဖွံ့ဖြိုးအောင်အိမ်ရာဝင်း၊ အမှတ်(၇၉)နေ ဒေါ်ခင်မိုးမိုးအောင် [၉/မထလ(နိုင်)၁၁၆၅၉၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်-ဗမာအေး၊ မြေကွက်အမှတ်(၂၄၉)၊ နှစ်(၆၀)ဂရန်မြေ အကျယ်အဝန်း(၂၅ပေx၅၀ပေ)အကျယ်ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၂၄၉) ဟုခေါ်တွင်သော (၈ ၁/၂)တိုက်၏ ဒုတိယထပ်(၂၅ပေx၄၅ပေ)အကျယ်ရှိတိုက်ခန်းအား ဒေါ်ခင်မိုးမိုးအောင်က K Group Construction Co.,Ltd ၏ ကန်ထရိုက်တာ ဦးအောင်မြတ်သက်[၁၂/စခန(နိုင်)၀၁၅၂၇၂]ထံမှ (၃၀-၄-၂၀၂၀)ရက်နေ့ကတည်းက ဝယ်ယူ၍ အလွတ်လက်ရောက်ရရှိထားပြီးဖြစ်သော်လည်း ယခုအခါတွင် ဒေါ်ခင်မိုးမိုးအောင်သည် ၎င်းဝယ်ယူထားသည့် တိုက်ခန်းဒုတိယထပ်ရှိရာသို့ ဝင်ထွက်သွားလာရန် ယခင်ကရရှိထားသော လှေကားသံပန်းတံခါးဖြင့်ဖွင့်ရာရရှိခြင်းမရှိဘဲသော့ပြောင်းလဲထားကြောင်းသိရှိရပါသည်။ ထို့ကြောင့် ဒေါ်ခင်မိုးမိုးအောင်သည် ၎င်းဝယ်ယူထားသော တိုက်ခန်းဒုတိယထပ်ရှိရာသို့ သွားလာဝင်ထွက်နိုင်ရန်အတွက် တိုက်ရှိမြေရှင်များဖြစ်ကြသော ဦးသက်နိုင်နှင့် ဒေါ်မိမိခိုင် တို့ထံသို့ တိုက်၏လှေကားသံပန်းတံခါးသော့အားဖွင့်ပေးရန်နှင့် လှေကားသံပန်းတံခါးသော့၏မိတ္တူကို ဒေါ်ခင်မိုးမိုးအောင်က ကူးယူခွင့်ရရန် (၂၇-၇-၂၀၂၂)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာ(၂၆)တွင်လည်းကောင်း၊ (၂၇-၇-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာ-၂၆တွင်လည်းကောင်း ဖော်ပြပြီး တောင်းဆိုရာ ယင်းကြေညာချက်အပေါ် မြေရှင်များဖြစ်ကြသော ဦးသက်နိုင်[၁၂/မဂတ(နိုင်)၀၅၇၃၃၅]၊ ဒေါ်မိမိခိုင်[၁၂/မဂတ(နိုင်)၀၅၇၁၂၈]တို့၏ (၃၁-၇-၂၀၂၂)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာ(၂၅)ဖြင့် ပြန်လည်ရှင်းလင်းကြေညာချက်အရ ဒေါ်ခင်မိုးမိုးအောင်မသွားမလာရအောင် တိုက်ခန်းလှေကားသံပန်းတံခါးကို သော့ခတ်ထားသူမှာ ကန်ထရိုက်တာ ဦးအောင်မြတ်သက်ဖြစ်ကြောင်း၊ ဦးအောင်မြတ်သက်က သော့ဖွင့်မပေးရန်ပြောဆိုသဖြင့် ဦးသိန်းဇော်မှ သော့ဖွင့်မပေးခြင်းဖြစ်ကြောင်း ဒေါ်ခင်မိုးမိုးအောင်ကသိရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ K Group Construction Co.,Ltd ၏ ကန်ထရိုက်တာ ဦးအောင်မြတ်သက်အနေဖြင့် လူကြီးမင်းကိုယ်တိုင်သော်လည်းကောင်း၊ လူကြီးမင်း၏အစောင့်အလုပ်သမား ဦးသိန်းဇော်အားမှာကြား၍သော်လည်းကောင်း တိုက်ခန်း ဒုတိယထပ်ရှိရာသို့ ဒေါ်ခင်မိုးမိုးအောင်သွားလာဝင်ထွက်ခွင့်ရရှိစေရန် တိုက်၏လှေကားသံပန်းတံခါးသော့အား မိတ္တူကူးယူစေ၍ဖြစ်စေ၊ လှေကားသံပန်းတံခါးသော့အား ဖွင့်ပေးခြင်းဖြင့်ဖြစ်စေ(၃၀-၈-၂၀၂၂)ရက်နေ့နောက်ဆုံးထား၍ ဆောင်ရွက်ပေးပါရန် တောင်းဆိုကြောင်း အသိပေးကြေညာအပ်ပါသည်။ ဦးအောင်မြတ်သက်အနေဖြင့် ဒေါ်ခင်မိုးမိုးအောင်၏ တောင်းဆိုချက်ကို သတ်မှတ်ရက်အတွင်း ဆောင်ရွက်ပေးရန်ပျက်ကွက်ပါက ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ဦးအောင်မြတ်သက်အပေါ် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဒေါ်ခင်မိုးမိုးအောင် သွားလာဝင်ထွက်ခွင့်ရှိသည့် တိုက်ခန်းအားမသွားမလာရအောင် ဟန့်တားနှောင့်ယှက်တားဆီးပိတ်ပင်သူ၊ ပိတ်ပင်ရန် ခိုင်းစေသူ၊ ပြုမူသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ တရားစွဲမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးမိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာမျိုးထက် LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၈၈)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့၊ မိုးနိုင်တောင်ကျေးရွာနေ (ဘ) ဦးလှမြင့်(ခ)မော်လဝီယူစွပ် (မိ)ဒေါ်နူရ်ဘီ(ခ)ဒေါ်ရိုဘီတို့၏ သားဖြစ်သူ မူဘာရတ်ဟူစိန်(ခ) ဦးတောက်ထွန်းသည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများ မိဘညီအစ်ကိုမောင်နှမများနှင့်(လုံးဝ)မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမြင့်(ခ) မော်လဝီယူစွပ် (မိ) ဒေါ်နူရ်ဘီ(ခ) ဒေါ်ရိုဘီ**

သင့် သွေးဖြင့် အသက်ကယ်ပါ

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စု- ကတွယ်၊ ကွင်းအမှတ်-၃၄၅(င)၊ ကွင်း/အကွက်အမည်-ကတွယ်(အနောက်)-(၁) ဦးပိုင်လုပ်ကွက်အမှတ်-၁၅/က၊ ဧရိယာ ဧက(၀.၃၀)ဧက၊ ခွင့်ပြုစာအမှတ်-၀၇၃/လရ.၇/၂၀၁၃(၁၃-၁၁-၂၀၁၃)၊ (၂) ဦးပိုင်လုပ်ကွက်အမှတ်-၁၆/က၊ ဧရိယာ(၂.၆၅)ဧက၊ ခွင့်ပြုစာအမှတ်-၀၇၃/လရ.၇/၂၀၁၃ (၁၃-၁၁-၂၀၁၃)၊ (၃)ဦးပိုင်လုပ်ကွက်အမှတ်-၁၇၊ ဧရိယာဧက(၄.၁၂)ဧက၊ ခွင့်ပြုစာအမှတ်-၀၇၃/လရ.၇/၂၀၁၃ (၁၃-၁၁-၂၀၁၃)၊ (၄) ဦးပိုင်လုပ်ကွက်အမှတ်-၁၈၊ ဧရိယာဧက(၁.၀၁)ဧက၊ ခွင့်ပြုစာအမှတ်-၀၇၃/လရ.၇/၂၀၁၃ (၁၃-၁၁-၂၀၁၃)၊ ၎င်းမြေကွက်များကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး မူလပိုင်ရှင်ထံမှ (၂၄-၇-၂၀၂၂) ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသည့် အမှတ်စဉ်(၅) ဦးပိုင်လုပ်ကွက်အမှတ်-၁၆/ဃ၊ ဧရိယာဧက(၀.၉၆)ဧက၊ ခွင့်ပြုစာအမှတ်-၀၇၃/လရ.၇/၂၀၁၃ (၁၃-၁၁-၂၀၁၃)ရှိ လယ်မြေမြေကွက်(၅)ကွက်နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ၊ အရပ်ကတိစာချုပ်ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်သူ ဒေါ်လှမြင့်(ခ) JLAT CHIMI [၁၂/ကမတ(ပြု)၀၀၀၁၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင် ပိုင်ဆိုင်သည့် ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)**
**အမှတ်-၁၂၁၊ ဒု-ထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၉၁၅၉၊ ၀၉-၉၇၅၁၆၉၁၅၉**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါကြော်ငြာ ပြင်ဆင်ချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုရန်အတွက် Bank Note Processing Machine BPS C4-4 Machine and BPS C4-8 Machine (၁၂)လုံး၏ Spare Parts များနှင့် Bank Note Processing Machine BPS-M7 (၄)လုံး၏ (Consumables) ဆက်စပ်ပစ္စည်းများဖြစ်သော (Foil, Band Strap, Shrink Film)တို့အား ဝယ်ယူလိုကြောင်း (၂၃-၇-၂၀၂၂)ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အိတ်ဖွင့်ကြော်ငြာ ထည့်သွင်းခဲ့ပါသည်။

၂။ ၎င်းကြော်ငြာတွင်ပါရှိသည့် တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်နှင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်တို့အား အောက်ဖော်ပြပါအတိုင်း ရွှေ့ဆိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ရွှေ့ဆိုင်းမည့်နေ့ရက်/အချိန် |
|---|---|---|
| (၁) | တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက် | ၂-၉-၂၀၂၂ ညနေ(၄:၀၀)နာရီ |
| (၂) | တင်ဒါဖွင့်လှစ်မည့်နေ့ရက် | ၈-၉-၂၀၂၂ နံနက်(၁၀:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇- ၃၄၁၈၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအင်ဒူဂျာဆန်လု [၁/မကတ(နိုင်)၁၃၂၉၄၇]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၅၇၃၀၃၃**

## ပတ်စ်ပို့ပျောက်

ကျွန်မ မလချီမီး [၁/မကန(နိုင်)၂၄၃၆၅၂]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၇၂၇၁၂၆**

## (၁၆-၇-၂၀၂၂) ရက်ထုတ် ကြေးမုံသတင်းစာ၌ ဦးကျော်စွာဝင်း [၁၂/သကတ(နိုင်)၁၂၉၁၃၆]၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်စိုးဇာခြည်ထွန်း [၁၂/မဂဒ(နိုင်)၀၀၁၂၂၆]နှင့် တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်ထွန်း (စဉ်-၁၃၃၇၆)၊ ဦးလှဖြိုးဝေ (စဉ်-၁၄၉၇၁) တို့၏ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

အထက်ခေါင်းစဉ်ပါ သတင်းစာ၌ ဖော်ပြခဲ့သော ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊ မြေကွက်အမှတ်(၅၇၅/ခ)၊ မာန်ပြေ(၁၄)လမ်းအနောက်(၂၀'x၆၀') ရှိနှစ်(၆၀)ဂရန်မြေကွက်သည် မူလကကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ညိမ်း အမည်ပေါက်ဖြစ်ပါသည်။ ဦးကျော်ညိမ်းနှင့် ဇနီး ဒေါ်အေးမြင့်တို့တွင် ဦးကျော်စွာဝင်း အပါအဝင် ဒေါ်စန္ဒာမြင့်၊ ဒေါ်လွင်မာမြင့်၊ ဒေါ်အေးအေးခိုင်စသည့် သားသမီး(၄)ဦး မွေးဖွားထွန်းကားခဲ့ပါသည်။ မိဘနှစ်ပါးနှင့် သားသမီး(၄)ဦးတို့ သည် (၅-၅-၂၀၁၁) ရက်နေ့တွင် မိသားစုစီမံမှုကတိစာချုပ်ပြုလုပ်ချုပ်ဆိုရာ၌ ဦးကျော်စွာဝင်းမှ မိဘနှစ်ပါးကို သက်ထက်ဆုံးပြုစုစောင့်ရှောက်ပေးမည်ဖြစ်ကြောင်း ဝန်ခံ ကတိပြု၍ အမှတ်(၅၇၅/ခ) အိမ်နှင့်မြေကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ထို့နောက် ဦးကျော်စွာဝင်းသည် ဖခင်ဦးကျော်ညိမ်း အမည်ပေါက် အထက်ဖော်ပြပါ အမှတ်(၅၇၅/ခ) အိမ်မြေကို ၎င်း၏အမည်ပေါက်လျှောက်ထားပြီး မြေကွက်လပ်ထားရှိပါသည်။ မိဘနှစ်ပါးမှာ အဆိုပါမြေကွက်နှင့်ကပ်လျက် အမှတ်(၅၇၅/က)၊ အကျယ်အဝန်း (၂၀'x၆၀')အနက်မှ (၁၀'x၆၀')ရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (မိဘများ၏ငွေကြေးဖြင့်ဝယ်ယူထားသည့်) အိမ်မြေတွင်နေထိုင်ခြင်းဖြစ်ပါသည်။ ယခုအခါ ဦးကျော်ညိမ်း၏ကျန်းမာရေးအတွက် ၎င်းတို့လင်မယား နှစ်ဦးလက်ရှိ နေထိုင်သည့် အိမ်မြေကို ရောင်းချရန် သားသမီးများအား တိုင်ပင်ရာမှ ဦးကျော်စွာဝင်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်စိုးဇာခြည်ထွန်းမှ မိဘနှစ်ပါးနေထိုင်သော အမှတ်(၅၇၅/က) (၁၀'x၆၀')ရှိ အိမ်၊ မြေကို၎င်းတို့ လင်မယား နှစ်ဦးမှပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော ပစ္စည်းများဖြစ်ကြောင်း မမှန်မကန်ကြေညာစာ ထည့်သွင်းလာခြင်းဖြစ်ပါသည်။ အဆိုပါ အမှတ်(၅၇၅/က) အိမ်မြေ၏ ခေါင်းရင်းခြမ်း (၁၀'x၆၀')သည် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ညိမ်း၊ ဒေါ်အေးမြင့်တို့လင်မယား နှစ်ဦးသာပိုင်ဆိုင်ပြီး ဦးကျော်စွာဝင်း၊ ဒေါ်စိုးဇာခြည်ထွန်းတို့နှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးကျော်ညိမ်း+ဒေါ်အေးမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ (၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၃၀၆၅၉၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ ဆင်းကေရီလမ်း၊ မြေကွက်အမှတ်-၅၄၃၊ အကျယ်အဝန်း (၄၀'x၆၀')၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ပိုင်ရှင် ဒေါ်မိုးယုယုအောင် [၁၃/လရန(နိုင်)၁၈၈၀၁၂]ထံမှ ဝယ်ယူထားပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၅၄၀၈/၂၀၂၂ ကို ရရှိထားသူ ဦးအောင်နိုင်ဦး [၁၄/ရကန(နိုင်)၀၀၅၈၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဤမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)**
**ရုံး- အခန်း(၅)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**အိမ်- အခန်း (၂၀၃)၊ တိုက်(၃)၊ ညောင်တန်းအိမ်ရာ၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၄၉၆၃၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၇)လမ်း၊ အပိုင်း(၄)၊ အမှတ်(၂၆၈)၊ ၃-လွှာ(အေ)၊ (ခေါင်းရင်းခန်း)တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရှင်ဖြစ်သူဒေါ်ဆိုင်းခေါ်နီ[၁၂/ဥကတ(နိုင်)၁၅၄၁၂၂]နှင့် ဒေါ်ခေါင်နော[၁၂/ဥကတ(နိုင်)၀၄၉၁၉၃]တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးကျော်နိုင်ဦး(ဥပဒေဘွဲ့)** | **ဒေါ်ကျော့ကျော့စံ(ဥပဒေဘွဲ့)** | **ဦးဖွဲ့ပြည့်စုံလွင်(ဥပဒေဘွဲ့)** |
| **(စဉ်-၈၇၆၂)** | **(စဉ်-၁၃၄၈၅)** | **(စဉ်-၅၃၀၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၀)၊ ဒုထပ်၊ အခန်း(၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၅၀၅၇၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သမာဓိလမ်း၊ မြေတိုင်းအမှတ်(၃၉/B)၊ မြေကွက်အမှတ်(၄၅၂)၊ (အလျားပေ၄၀xအနံပေ၆၀)၊ စတုရန်းပေ(၂၄၀၀)ရှိသော ဦးဟုတ်လှိုင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုလာသူ ဦးချန်ထွန်းအောင်[၁၂/အစန(နိုင်)၀၉၅၅၃၃]ထံမှ ကျွန်ုပ်ဦးကျော်မောင်မောင်ဝင်း[၉/ပမန(နိုင်)၁၇၁၈၃၇] ကဝယ်ယူမည်ဖြစ်ပါ၍ တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မောင်မောင်ဝင်း**
**[၉/ပမန(နိုင်)၁၇၁၈၃၇]**
**အမှတ်(၈၁)၊ သူရလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**Ph-09-5120827**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၇၁၀)၊ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၄၀'x၆၀')၏ တစ်ဝက်(၂၀'x၆၀')၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးမြင့်သောင်း [၅/ခဥန(နိုင်)၀၆၄၇၇၆]အမည်ဖြင့် မှတ်သားတည်ရှိ၍ ယင်းမြေကွက်ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းငွေ [၁၂/သခန(နိုင်)၁၀၈၃၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်စန်း [၁၂/ဒဂတ(နိုင်)၀၈၆၃၄၃]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့်မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်မူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၅၆၇)၊ လူနေရပ်ကွက်အမှတ်-အောင်မင်္ဂလာရွာ၊ မောင်းမကန်ကမ်းသာလမ်း၊ (၄၀'x၆၀')၊ နှစ်(၆၀) ဂရန်မြေကွက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၅၆၈)၊ လူနေရပ်ကွက်အမှတ်- အောင်မင်္ဂလာရွာ၊ မောင်းမကန်ကမ်းသာလမ်း၊ (၄၀'x၆၀') အနက်မှ (၂၀'x၆၀')ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းသန်းက အမည်ပေါက်၍ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၇၄)**
**အမှတ်(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၉၈၃၈၅၁၂၈၊ ၀၉- ၇၃၀၉၄၂၈၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

"ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၅)လမ်း(အထက်)၊ အမှတ်(၅၁၄-ခ)ပေါ်တွင်ဆောက်လုပ်ထားသော တစ်လွှာချင်း(၆)ထပ်တိုက်အဆောက်အဦ၏ ဒုတိယထပ်၊ (၃)လွှာ၊ အကျယ်အဝန်း (၁၈ပေ x ၅၅ပေ)ရှိ နေအိမ်တိုက်ခန်းနှင့် ယင်းနေအိမ်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအား နှစ်ဦးသဘောတူအဆင့်ဆင့် ဆက်စပ်အရောင်းအဝယ်စာချုပ်များဖြင့် လက်ရှိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သန်းလွင် (G/RGN-007646) [၁၂/ဥကတ(နိုင်)၀၃၀၄၉၅] ကိုင်ဆောင်ထားသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းနိုင်ကျော် [၄/ဟခန(နိုင်)၀၃၀၆၁၁]ကိုင်ဆောင်ထားသူက တရားဝင်အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးထွန်းနိုင်ကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကြည်ကြည်စမ်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၇၈)**
**အမှတ်(၉/၁၁)၊ ၀၀၄-မြေညီထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၀၂၃၅၆၆၈**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့နေ **ဒေါ်သီတာလွင် [၁၂/ဗဟန(နိုင်)၀၅၂၅၈၆]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

**ဒေါ်သီတာလွင်** ပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ ရှမ်းလမ်း(ဗဟိုလမ်း)ပေါ်ရှိ အမှတ်(၄၇)၊ မနော်ဟရီရိပ်သာ၊ တိုက်(L)၊ အခန်းအမှတ်(၁၀၆)နှင့်(၁၀၇)၊ မြေညီထပ်အခန်းများ၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများသည် ပျောက်ဆုံးနေပါသည်။ တွေ့ရှိရယူထားသူများ ကျွန်ုပ်တို့ထံသို့ ပြန်လည်ဆက်သွယ်ပေးအပ်နိုင်ကြောင်းနှင့် အဆိုပါ စာရွက်စာတမ်းများကို အကြောင်းပြုပြီး ဥပဒေနှင့်မညီညွတ်သည့် လုပ်ရပ်များ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ထားပါက ပြုလုပ်ထားသူများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A.Psy)**
**အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ)၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၅၁၄၃၅၈၃၊ ၀၉- ၇၉၅၉၁၃၉၈၄၅**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်ရောင်ခြည်ဆေးကုဌာနရှိ Linear Accelerator (Varian) စက်(၂)လုံးအား Preventive Maintenance စာချုပ်ချုပ်ဆိုရန်ရှိပါသဖြင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၃-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် - ၁၆-၈-၂၀၂၂ (အင်္ဂါနေ့)
နေ့ရက်/အချိန် ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်၊ အခြေခံပညာကျောင်းများအတွက် Microscope နှင့် Digital Video Eyepiece သင်ထောက်ကူပစ္စည်းများကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်အရောက်ဖြင့် ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်၊ Microscope(Brand: Proway, Model: XSZ-PW 207) နှင့် Digital Video Eyepiece (Brand: Proway, Model:DCE-PW500) သင်ထောက်ကူပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါလုပ်ငန်းစဉ်များအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် - ၅-၈-၂၀၂၂ရက်(သောကြာနေ့)
တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန် - ၁၈-၈-၂၀၂၂ ရက် (ကြာသပတေးနေ့) (၁၆:၃၀)နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ပညာဌာန၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်

၃။ တင်ဒါခေါ်ယူခြင်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၀၇၈၁၇ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (၁) | ၁၂၈/မမ/ MT | တာယာဆိုဒ်စုံ (၁၆)မျိုး၊ (၇၁၈)လုံး ဝယ်ယူရန် |
| (၂) | ၁၂၉/မမ/ CE | (1"x1½")အရွယ် (စက်ခွဲ)လမ်းခင်းကျောက် (၁၉၄၀)ကျင်းအား အောက်ပါ ဘူတာ /ကျောက်စုပုံကွင်းအရောက် ဝယ်ယူရန်<br>ကက္ကူ - ၅၀၀ ကျင်း၊ ဇင်းကျိုက် - ၅၀၀ ကျင်း၊<br>အင်တောကျယ် - ၄၄၀ ကျင်း၊ ဥသျှစ်ပင် - ၅၀၀ ကျင်း |
| (၃) | ၁၃၀/မမ/ CE | လမ်းခင်းကျောက်(Ballast) (၃၀၀၀)ကျင်း၊ ပြွန်တန်ဆာဘူတာ အရောက် ဝယ်ယူရန် |
| (၄) | ၁၃၁/မမ/ CE | **ရွှေညောင်-တောင်ကြီးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း**<br>ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း၊ ထီသိမ်နှင့် ရေထွက်ဦးဘူတာကြား ချိန်းအမှတ်(25 + 454)kmရှိ တံတားအသစ်အောက်ထည်ပိုင်း (Sub Structure) တည်ဆောက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - စဉ် (၁) မှ (၃) အထိ ( ၁၉ . ၈ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ
စဉ် (၄) ( ၅ . ၉ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၅ . ၈ . ၂၀၂၂) ရက်နေ့မှ စတင်၍ ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည် -
ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနရှိ Siemens Symbia T6 (SPECT/CT) စက်၏ Detector (၂)ခု လဲလှယ်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်း - ၁၆-၈-၂၀၂၂ရက် (အင်္ဂါနေ့)
ရမည့်နေ့ရက်/ အချိန် ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ဓာတ်အားစနစ်ဌာနမှ National Control Center (Naypyitaw)ရှိ SCADA Server Room တွင် လက်ရှိအသုံးပြုလျက်ရှိသော 400V AC Distribution စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက်(၁၇-၈-၂၀၂၂) ရက် (၁၄:၀၀)နာရီနောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက် တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web- Portal (www.moee. gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

INSOLVENCY LAW OF MYANMAR 2020
S.M.K GARMENT COMPANY LIMITED
(IN MEMBERS' VOLUNTARY WINDING-UP)
INSOLVENCY LAW OF ARTICLE 147,152 AND RULES 9, 15(B)

At a General Meeting of the shareholders S.M.K Garment Company Limited (herein after referred to as the "Company") Registration Number-107139613, the following Special Resolutions were passed on 2 - 8 -2022.

Resolved-
(1) "that the company, be, and is hereby decided to be wound up voluntarily by the members" and
(2) "that Daw Tin Win Yu, be, and is hereby appointed Liquidator of S.M.K Garment Company Limited for winding-up and also authorised and be granted power to such extent and for suitable period necessary for the members voluntary winding-up.

Mr.Kim Donghyun
Managing Director
S.M.K Garment Company Limited

INSOLVENCY LAW OF MYANMAR 2020
CLAIM NOTICE FOR THE DEBT
S.M.K GARMENT COMPANY LIMITED
(IN MEMBERS' VOLUNTARY WINDING-UP)
INSOLVENCY LAW ARTICLE 201 AND RULES 87

I, the under signed Liquidator of S.M.K Garment Company Limited,Registration Number 107139613 have fixed the date for the claims on 1 - 9 - 2022. The creditors of the above named company are requested to submit their claims together with the supporting legal document of the debt and the claims after 1 - 9 -2022 will not be considered for the benefit as creditors.

Daw Tin Win Yu
Liquidator
Famat Company Limited
No.(635-A-1), Room No. (A-3, B-3),YomaYeiktha,
Pyay Road,(2) Quarter, Kamayut Township,Yangon.
famatco@gmail.com, Phone : 09-792233159

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ လူနေရပ်ကွက်အမှတ်(-)၊ သဇင်မြိုင်လမ်း၊ မြေကွက်အမှတ်(၉၂၁)၊ အကျယ်အဝန်းပေ(၄၁x၆၀)ရှိ ဦးသန်းထိုက်[၁၂/သကတ(နိုင်)၀၈၀၀၂၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆိုပါ နှစ်(၆၀)ဂရန်အမည်ပေါက် ဦးသန်းထိုက် [၁၂/သကတ(နိုင်)၀၈၀၀၂၃]ထံမှ ကျွန်မက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် တစ်စုံတစ်ရာမရှိပါက ယင်းမြေကွက်အရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းစောမြနန္ဒာဝေ**
**[၁၃/လလန(နိုင်)၀၀၀၁၃၃]**
**မြို့မတာဝါ၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့။**
**Ph: 09-43082346, 09-443063753**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်အေး [၁၂/လရန(နိုင်)၀၃၀၂၅၁]၊ အမှတ်(၁၂/က)၊ ဘူတာအနီး၊ လေယာဉ်ကွင်းလမ်း၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်တင်တင်အေးမှ ဒေါ်ရီရီဌေး[၁၂/ဥကတ(နိုင်)၀၁၇၇၉၇] တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ငွေ)ရပ်ကွက်၊ အိန္ဒြာ(၇)လမ်း၊ အမှတ်(၈၁၅)ရှိ ဦးရဲတင့်အမည်နှင့် မြေငှားဂရန်ရရှိထားသော ပေ(၄၀)xပေ(၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နေအိမ်၊ ရေ+မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ (၁၄-၈-၂၀၂၂)ရက်နေ့အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်တင်တင်အေးထံသို့ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်တင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာလှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၄)**
**အမှတ်(၁၅၃)၊ မြရတနာ(၈)လမ်း၊ (ခ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၃၀)၊ ဒုတိယထပ်(ခေါင်းရင်းခန်း) အကျယ်အဝန်း(၁၂ပေခွဲX၅၀ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကိုကိုနိုင် (HLG-031090)၊ ဒေါ်သင်းသင်းနိုင် (၁၂/လမန(နိုင်) ၀၂၂၈၃၀) ကိုင်ဆောင်သူများက တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိပြီး(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းဇော်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၃၄)
အမှတ်(၄၃၀)၊ မြို့ဟောင်း(၄)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၅၃၆၈၉၆၃

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ အမှတ်(၂၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏(၅-လွှာ/အေ)၊ (မျက်နှာမူလျှင်-လက်ယာဘက်)၊ (၁၃ပေx၅၅ပေ)အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်အေးခင်[၁၁/စတန(နိုင်)၀၃၄၃၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမင်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊**
**တာမွေမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၃၁၃၅၂၊ ၀၉-၅၀၂၇၃၂၂**

## အမည်ပြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်ရှိ U Kyaw STANDARD ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော Grade 10 မှ ဦးစိုးမိုးထွန်း၏သမီး မသျှားအိအား မအိန္ဒြေဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## “တရားဝင်ကွာရှင်းပြတ်စဲခြင်း”

ကျွန်တော် မောင်မိုးမင်းဗိုလ် [၁၄/ဇလန(နိုင်)၁၃၂၀၅၁]နှင့် မသော်တာအောင်ခိုင် [၅/ရဥန(နိုင်)၀၉၄၇၂၇]တို့သည် (၃-၈-၂၀၂၂) ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် တရားရုံးတွင် လွတ်လပ်သောသဘောဆန္ဒအရ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မောင်မိုးမင်းဗိုလ်**
**[၁၄/ဇလန(နိုင်)၁၃၂၀၅၁]**
**ဇလွန်မြို့**

## သွေးသည် အသက်

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃ ကံဘဲ့၊ မြေကွက်အမှတ်-၇/ဒ[၁]၊ အဆောက်အအုံအမှတ်-၈၆၂(က)၊ မဟာဗောဂလမ်း၊ (၂)ခန်းတွဲ၊ (၈ ½ )ထပ်တိုက်(၁၅)ခန်း (Lift+Carparking) ပါအဆောက်အအုံရှိ အကျယ်အဝန်း (၂၄ပေx၅၂ပေ)၊ ဆဋ္ဌမထပ်(ခေါင်းရင်း)၊ B-6 တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်ပါဝင်သော ရေ၊ မီးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများ ရေ၊ မီးနှင့် ကားပါကင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချစီမံပိုင်ခွင့်အပြည့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သဇင်နွယ် [၁၃/လရန(နိုင်)၁၂၇၆၃၄]မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်မိုးရှိန် [၁၂/မရက(နိုင်)၁၂၃၈၂၁]မှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏တန်ဖိုးငွေများထဲမှ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများယူဆောင်၍ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်မိုးရှိန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမာ (စဉ်-၁၃၉၇၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၄၈၊ မင်္ဂလာလမ်း၊ ၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## (၂၄-၇-၂၀၂၂)ရက်စွဲပါကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၀)တွင် ဦးစိုင်းကျော်မြင့်၏ အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

(၂၄-၇-၂၀၂၂)ရက်စွဲပါကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၀)တွင် ဦးစိုင်းကျော်မြင့် [၁၃/တကန(နိုင်)၀၂၄၈၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးစိန်မင်းမှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရေအေးကွင်းရပ်ကွက်၊ ကွင်းအမှတ်-၉/အစိုးရရပ်၊ ဦးပိုင်အမှတ်-၁၈-စ၊ မြေကွက်အမှတ်-၅၀/၁၀၃၊ ဧရိယာ (၀.၀၇၄)ဧက၊ စတုရန်းပေ(၃၂၀၀)ရှိ နှစ်(၉၀)ထိ အသစ်လဲလှယ်ချုပ်ဆိုခွင့်ရသည့် မြို့မြေငှားစာချုပ်ရမြေကွက်နှင့် ဦးပိုင်အမှတ်-၁၈-ဆ၊ မြေကွက်အမှတ်-၅၀/၁၀၄၊ ဧရိယာ (၀.၀၆၄)ဧကရှိ နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိုင်းကျော်မြင့်က အမည်ပေါက်ပိုင်ရှင် ဒေါ်နန်းရွှေဌေး [၁၃/တကန(နိုင်)၁၃၀၇၁၈]ထံမှ (၅-၁၀-၂၀၁၉)ရက်တွင် လက်ဝယ်လွှဲပြောင်းဝယ်ယူရရှိ အကျိုးခံစားခွင့်ရလျက်ရှိသော မြေကွက်များနှင့် နေအိမ်ဖြစ်ပါကြောင်း ကြော်ငြာခဲ့ပါသည်။

အဆိုပါ (၂၄-၇-၂၀၂၂)ရက်စွဲပါ ဦးစိုင်းကျော်မြင့်၏ ကြော်ငြာစာအား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစိုင်းကျော်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးသက်**
**LL.B, D.B.L, D.M.L, D.I.R,**
**Dip in English**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၈၆)**
**ဖုန်း-၀၉-၅၀၈၆၁၄၈**
**အမှတ်(၁၉)၊ ရှမ်းကုန်းလမ်း၊ မြေနီ/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်ဂါမဏိလမ်း၊ တိုက်အမှတ်(၃၃၂)ဟုခေါ်တွင်သော ၂ ခန်းတွဲ၊ ၆-ထပ်တိုက်၏ အခန်းအမှတ်-၃၃၂/A2၊ ပထမထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၉ပေx၅၄ပေ)ရှိ ကိုယ်ပိုင်ရေမော်တာ ကိုယ်ပိုင်လျှပ်စစ်မီးသုံးစွဲခွင့်ပါဝင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိပိုင်ဆိုင်လက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုသူ ဦးသော်ဇင်လင်း[၁၂/ဗဟန(နိုင်)၁၀၀၆၃၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး**
**LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## “ကန့်ကွက်နိုင်ပါကြောင်း”

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၅၊ ၁၅က) ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသော Royal Maung Bamar Condo ကွန်ဒိုအဆောက်အဦရှိ တိုက်အမှတ်(A) အခန်းအမှတ်(11-I) (11)လွှာ၊ အကျယ်အဝန်း (၂၀၁၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တွဲဆက် တပ်ဆင်ထားသော ရေ၊ မီး၊ လေအေးပေးစက် (၅)လုံးနှင့် တိုက်ပိုင်ကားပါကင်နေရာတွင် ကား(၁)စီးရပ်ရန်နေရာအပါအဝင် ကွန်ဒိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းနု [၉/အမဇ(နိုင်) ၀၀၂၈၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ငွေဆက်လက်ပေးချေလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမူ LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၂၃) (၁၀-၅-၂၀၁၂)**
**တိုက်-၉/၁၁ (မြေညီထပ်)၊ ၃၆ လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉- ၅၀၁၃၉၉၁**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၁၆. ၀၈ ကျင်း | ၁၁၂ ကျင်း | ၁၆၀၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဝမ်းနည်းကြေကွဲခြင်း
### ရဟန်းဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ကြည်
### အသက်(၈၄)နှစ်

သူငယ်ချင်း ဦးစိန်ဝင်း (ကျန်းမာရေးဝန်ကြီးဌာန) နှင့် ဒေါက်တာဒေါ်ချိုချိုသန်းတို့၏ ချစ်လှစွာသောမိခင်ကြီး အန်တီ ဒေါ်မြင့်မြင့်ကြည်သည် ၁-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း အန်တီ ကောင်းရာသုဂတိရောက်ပါစေ။

**စစ်သူနာပြုအရာရှိလောင်းသင်တန်းအပတ်စဉ်(၁၃)**
**သူငယ်ချင်းမိသားစုများ**

## ဦးစောသိုက်
### အသက်(၈၈)နှစ်

ကလောမြို့နေ (ဦးစပ်ခွန်ရီ-ဒေါ်ငြိမ်းမြ)တို့၏သား၊ ရန်ကုန်မြို့၊ (၃၉)လမ်း၊ အမှတ်(၁၉၄)၊ ဒုတိယထပ်နေ (ဒေါ်တင်နွယ်ဝင်း)၏ခင်ပွန်း၊ (ဒေါ်စောခင်မြင့်)၏ မောင်၊ (ဦးစောထိုက်)၊ ဒေါ်စောခင်တင့်၊ ဦးမြမောင်-ဒေါ်စောနုကြည်၊ ဦးစောအောင်မိုး၊ ဒေါ်မူမူမြင့်တို့အစ်ကိုကြီး၊ ဦးကောင်းမြတ်သိုက်-ဒေါ်မီမီဟန်၊ ဦးအောင်ဘုန်းသိုက်-ဒေါ်ချောစုအေး၊ (ဦးနေဖြိုးသိုက်)-ဒေါ်ယုယုနွယ်တို့၏ဖခင်၊ မသိုက်စန္ဒာအောင်၊ မောင်ဝေဖြိုးအောင်၊ မောင်အောင်မြင့်မြတ်၊ မောင်လင်းသန့်၊ မစုနှင်းဆက်တို့၏အဘိုးသည် ၄-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၅:၅၀ နာရီတွင် တောင်ကြီးမြို့၊ မြတ်တော်ဝင်ဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၅-၈-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ပုလဲလမ်း၊ အမှတ် (၂၃/၁၃) နေအိမ်၌ သရဏဂုံတင်ပြီး တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၂ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းအေး(ခ) လျှိုချင်းချမ်
**B.Sc (Physics)**
**University Old blue**
### အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ (ဦးဟုတ်စိန်)-ဒေါ်ကျင်ထွေးတို့၏သားကြီး၊ (ဦးချောင်ဟွာကော-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဒေါ်မာမာလွင်၏ခင်ပွန်း၊ (မောင်ခွေဝမ်)၊ ဦးသီဟသန်းလွင်(ခ) Aaron Soh-Chenny Lau၊ ဦးထွန်းသန်းလွင်တို့၏ဖခင်၊ Luca Soh၏ အဘိုးသည် ၃-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၇:၅၅ နာရီတွင် Grand Hanthar ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၂(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ကမာရွတ်မြို့နယ်၊ အမှတ်-၆၀၃/B၊ ၆လွှာ B၊ ၆ လွှာ SCG၊ ကွန်ဒိုစံရိပ်ငြိမ် ၆-လမ်း နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဝင်း(ခ)ဦးဝင်း
### အသက် (၇၀)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၆၁)၊ (၁၀၁)လမ်းနေ (ဦးမောင်အေး-ဒေါ်ခင်နု)တို့၏သား၊ ဦးဇော်မိုး-ဒေါ်လှလှမြင့်တို့၏မောင်၊ (ဒေါ်ခင်မိမိ)၏ အစ်ကို၊ ဒေါ်လွင်လွင်မော်(ပခုက္ကူ)၏ခင်ပွန်း၊ ကိုကျော်လင်းထွန်း(Norstar Crew Management)-မအိသက်မွန်၊ ကိုကြည်သာ၊ မခိုင်ဇင်မြတ်တို့၏ဖခင် ဦးခင်မောင်ဝင်းသည် ၂-၈-၂၀၂၂ ရက် ည ၁၀:၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမြတ်ကျော်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### အကောက်ခွန်ဦးစီးဌာန
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(9/D/2)၊ ဗိုလ်ချိုလမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်ရီ (အ.ထ.ပြ-ငြိမ်း)၏ ချစ်လှ စွာသောခင်ပွန်း၊ (ဦးလှကျော်မင်း)-ဒေါ်ဆွေဆွေဦး (အ.ထ.က-၁၊ ဒဂုံ)၊ ဦးမြတ်မင်းထွဋ်-ဒေါ်ကြည်ကြည်ထွေး [Sydney (Australia)]၊ ဦးအောင်သက်ကျော်(ခေတ္တ-Singapore)-ဒေါ်ခင်ဆန်းဝင်း၊ ဦးဇော်ဝင်းလွင်-ဒေါ်ခင်မြတ်သင်း [Taipei (Taiwan)]၊ ဦးထွန်းဝင်းကျော် (MAB bank Vice President, Finance & MIS Department)တို့၏ဖခင်ကြီး၊ Freddy Aung၊ Juno Aung၊ ပိုးနဒီလွင်၊ ယွန်းဝတီလွင်တို့၏ အဘိုးသည် ၃-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## ဦးမြတ်ကျော်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၈၇)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(၅၉) ဦးမြတ်ကျော်သည် ၃-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၂၂ ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဦးချစ်ဆွေ(မြစ်ကြီးနား)
### [ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်သူ့ဆောက်လုပ်ရေး]
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးအရှေ့ရပ်ကွက်၊ (၉၄)လမ်း၊ အမှတ်(၈၅)နေ ဦးဘဖြူ-ဒေါ်ကြည်လင် တို့၏သား၊ ဦးစိန်ခို-ဒေါ်ယုံတို့၏သားသမက်၊ ဒေါ်လှလှ (အထက်တန်းပြ-ငြိမ်း၊ ဗိုလ်တထောင်-၆)၏ခင်ပွန်း၊ (ဒေါ်အုန်းအုန်း)၊ (ဦးဝင်းမော်)၊ ဒေါ်ဆွေဆွေတို့၏ အစ်ကို/မောင်၊ ဦးအောင်ဆွေဦး၊ ဦးစိုးနိုင်ထွန်း-ဒေါ်ယုယုဆွေ၊ ဦးဆွေသီဟ-ဒေါ်ခိုင်ဇာခြည်ငွေ၊ မလှိုင်လှိုင်ဆွေတို့၏ဖခင်၊ မမေမြတ်နိုးနိုင်၊ မောင်ချစ်ဆုံးဆွေ၊ မောင်ကောင်းမြတ်နိုင်တို့၏အဘိုးသည် ၃-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၇:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၆-၈-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမျိုးဝင်း
### အင်ဂျင်နီယာမှူး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၆၆)နှစ်

(ဦးဘဒင်-ဒေါ်လှမြိုင်)တို့၏ သား၊ (ဦးဘဝင်း-ဒေါ်ကြင်) တို့၏ သားသမက်၊ ဒေါ်ငွေငွေရီ၏ခင်ပွန်း၊ ကိုပြည့်စုံဝင်း၏ ဖခင် ဦးမျိုးဝင်းသည် ၃၁-၇-၂၀၂၂ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၂(အင်္ဂါနေ့)တွင် မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကြီးစိုး
### ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
### ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန
### အသက် (၇၀)

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင် ဦးကြီးစိုး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)သည် ၄-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

➤ အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။




### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝမ်
### မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ နာယကကြီး
### ရွှေလင်းယုန် ကားဆားဗစ်၊ ရန်ကုန်မြို့
### အသက် (၉၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၁၂)၊ ဦးဝိစာရလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးလွမ်းနန်း-ဒေါ်သန်းကြည်)တို့၏ သား၊ ဒေါ်လှကျင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးနန်းဝင်း-ဒေါ်ခင်မေယု၊ Dr.မြင့်ဆွေ- Dr.ဖြူဖြူဝင်း၊ Dr.တင်တင်မြင့်၊ ဦးမောင်ချို-ဒေါ်သီတာအောင်၊ Dr.အောင်ဝင်း-ဒေါ်ကြွေကြွေဇင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၈ ယောက်တို့၏အဘိုး၊ မြစ် ၂ ယောက်တို့၏ဘိုးဘိုး ဦးတင်ဝမ်သည် ၃-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၅-၈-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဇော်
### ညွှန်ကြားရေးမှူး(ငြိမ်း) ပစ္စည်းစီမံ
**M-O-G-E**
### အသက်(၇၄)နှစ်

မန္တလေးမြို့၊ အမှတ် (၁၉၂)၊ (၂၈)လမ်း၊ (၈၀x၈၁)လမ်းကြားနေ (ဦးဘအေး-ဒေါ်ဥ) တို့၏သားကြီး၊ ဒေါ်သစ်သစ်အေး(ပါမောက္ခ-ငြိမ်း)၊ (ဒေါ်စန်း)၊ (ဦးမောင်မောင်အေး)၊ (ဦးဝင်းနိုင်)-ဒေါ်ထွေးထွေးမော်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အမှတ်(၁၃၂)၊ (၃၂)လမ်းနေ ဒေါ်ခင်ခင် (လဝက-ငြိမ်း)၏ခင်ပွန်း၊ (မမာလာမေခင်)၏ဖခင် ဦးခင်မောင်ဇော်သည် ၄-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အောင်ဓမ္မဇိနဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြီးစိုး
**B.E (Civil) (77 Batch)**
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန
### အသက်(၇၀)

အမှတ်(၁၅၄-၁၅၅)၊ (၁၀)လမ်း၊ ၁၄/၁ ရပ်ကွက်၊ မြင်သာစုပေါင်း၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးစိုးတင်-ဒေါ်အေးမြင့်)တို့၏သား၊ (ဒေါက်တာဦးထွန်းရှိန်-ဒေါ်ခင်လှ)တို့၏သားသမက်၊ ဒေါ်မြသွေးရှိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးဇာရှိန်-ဒေါ်ခင်သီတာအေး၊ ဦးအောင်ပိုင်-ဒေါ်နှင်းပွင့်ဖြူတို့၏ ချစ်လှစွာသောဖခင်၊ မောင်သတိုးမင်းထက်(ခ)ဟိန်းထက်စိုး၊ မောင်ခိုင်ဖြိုးမင်း(ခ) Harry၊ မရွှေဝန်းရံရှင်(ခ) Sherry တို့၏ ချစ်လှစွာသောအဘိုးသည် ၄-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၂၂ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစမာဆယ်လူး(ခ) ဦးM စိုးနိုင်
**Biology Teacher (The Diplomatic School Yangon)**
### အသက်(၆၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ကံစုကျေးရွာနေ မန်းဒီဘိုး-(ဒေါ်အပျို)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ လက်ပံချောင်းကျေးရွာနေ (ဦးကိပ်လိန်း-ဒေါ်ချာစီး)တို့၏ သားသမက်၊ (မန်းဂျူးလျှံ)၏ညီ၊ (နန့်မာရီ)၊ ဒေါ်ထရေဇား၊ ဦးဂျွန်ကံ၊ ဦးပေတလူးတို့၏အစ်ကို၊ ဒေါ်မိုင်ဆုန်မဲန်း၏ ချစ်လှစွာသောခင်ပွန်း၊ နန့်မေရီမာဆယ်၊ စခရစ္စတိုဖာမာဆယ်၊ နန့်ရွှေရည်ထက်အောင်တို့၏ ဖခင် ဆရာ ဦးစမာဆယ်လူး(ခ) ဦး M စိုးနိုင်သည် ၄-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၄:၁၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၈-၂၀၂၂ (စနေနေ့) နံနက် ၁၀ နာရီတွင် မစ္ဆားပူဇော်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ (ယုဇနနေအိမ်မှ နံနက် ၈:၃၀ နာရီနှင့် မြောက်ဒဂုံ ၄၅ မှတ်တိုင်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [အောက်မေ့ဘွယ် ဆုတောင်းဝတ်ပြုခြင်းအစီအစဉ်ကို ၁၀-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ယုဇနနေအိမ် အမှတ်(အခန်း ၂၀၁၊ တိုက် ၁၅/၆၊ လမ်း(A)၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခုပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

### CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၄

နယ်စပ်ဒေသအသီးသီးနှင့် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳

## နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဇနီးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်လုပ်ကြံရေးသမားများကို ဖော်ထုတ်ဖမ်းဆီးရမိ



ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့အား အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၄

CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထုကို လုပ်ကြံသတ်ဖြတ်ခြင်းနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အများပြည်သူပိုင် အဆောက်အအုံများကိုအကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းအား မလိုလားသော ပြည်သူများ၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၃ ရက် ညပိုင်းတွင် လုံခြုံရေးပူးပေါင်းအဖွဲ့က မင်္ဂလာဒုံမြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲ၍ အကြောင်းမဲ့

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**


**အထည်ချုပ်စက်ရုံများတည်ရှိရာ လှိုင်သာယာနှင့် ရွှေပြည်သာ၌ စက်ရုံလုပ်သားများ အေးချမ်းစွာ လုပ်ငန်းခွင်ဝင်ရောက်** စာမျက်နှာ ၁၁

**ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၈၉၀ ရှိ** စာမျက်နှာ ၁၃

**၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဂျင်တီးနား၊ ချီလီ၊ ဥရုဂွေးနှင့် ပါရာဂွေးတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဆိုတင်သွင်း** စာမျက်နှာ ၁၉


## အကြိမ် (၂၀)မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် မြန်မာတက္ကသိုလ် ဝူရှူးအားကစားမှ ရွှေတံဆိပ်ဆုနှင့် ဘောလုံးအားကစားမှ ကြေးတံဆိပ်ဆုရရှိ

နေပြည်တော် ဩဂုတ် ၄

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို ဇူလိုင် ၂၆ မှစတင်၍ ထိုင်းနိုင်ငံ အူဘွန်ရတ်ချဌာနီမြို့တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက Sunee Tower၌ ကျင်းပသည့် ဝူရှူးအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မမြတ်နိုးအိမ်က ရွှေတံဆိပ်ဆုရရှိသည်။

ယနေ့ကျင်းပသည့် ဝူရှူးပြိုင်ပွဲတွင် ပွဲစဉ်လေးမျိုးကျင်းပခဲ့ပြီး ပွဲစဉ်(၄)ဖြစ်သည့် အမျိုးသမီး ထိုက်ချီချွမ်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ မမြတ်နိုးအိမ် ဝင်ရောက်ယှဉ်ပြိုင်ရာ

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❂



အမျိုးသမီး ထိုက်ချီချွမ်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရ မမြတ်နိုးအိမ်။